




# ပိဋကသုံးပုံပါဠိတော် မြန်မာပြန်

## စာမေးပွဲ မေးခွန်းနှင့်စံပြအဖြေများ

## အုပ်စု(၂).ဒီဃနိကာယ်



### ၂။မဟာဝဂ္ဂပါဠိ

ဗဟန်း.မဟာဝိသုဒ္ဓါရုံ

✍အရှင်သီလဝံသာလင်္ကာရ(ရေစကြို)✍

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၂) သုတ္တန္တပိဋက**
**သုတ်မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း**

ဓမ္မစေတမန်

၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (၁၉. ၆. ၂၀၁၃) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••

၁။ ဝိပဿီမြတ်စွာဘုရား ဗုဒ္ဓစက္ခုဖြင့် သတ္တလောကကို ကြည့်ရှုတော်မူသောအခါ ဉာဏ်ဖြင့် ထင်ထင်မြင်တော်မူရသော သတ္တဝါအသီးသီးကို ဖော်ပြခဲ့ပါ။

၂။ ပဋိစ္စသမုပ္ပါဒ်ကို မသိခြင်းကြောင့် ဆင်းရဲဒုက္ခဆိုးကျိုးများ ရနိုင်ပုံကို ဥပမာနှင့် တကွ ဖော်ပြပြီးလျှင်၊ ခံစားမှုဝေဒနာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာနိုင်သော အကျိုးတရားအဆက်ဆက်ကိုလည်း ရေးသားခဲ့ပါ။

၃။ "လောကဥ္စ ကဲ့ရဲ့ခြင်းမှ လွတ်သူ မရှိ"ဟု ဆိုရာ မြတ်စွာဘုရား၏ ရှေ့၌ ယပ်ခတ်လျက် ရပ်တည်နေသော ဥပဝါဏရဟန်းအား နတ်တို့ကဲ့ရဲ့ပုံကို ဖြေဆိုခဲ့ပါ။

၄။ မဟာသုဒဿနမင်းကြီး၏ -

(က) မိန်းမရတနာ၏ ထူးခြားမှုဂုဏ်ရည်။

(ခ) လူ့ဝတ်နှင့် ဓမ္မနန်းပြာသာဒ်၌ မြတ်သောအကျင့်ကို ကျင့်သုံးသော နှစ်အရေအတွက်တို့ကို ဖော်ပြခဲ့ပါ။

၅။ ဘုန်းတန်ခိုးကြီးချင်သူတွေအတွက် သနင်္ကုမာရဗြဟ္မာ၏ တန်ခိုးအာနုဘော်ကြီးမားရခြင်း၏ အကြောင်းတို့ကို ရေးသားခဲ့ပါ။

၆။ မြတ်ဗုဒ္ဓ၏ အဆုံးအမကို အလုံးစုံ အကြွင်းမဲ့သိသော တပည့်၊ မသိသော တပည့်တို့၏ ရောက်ရာဘဝတို့ကို အသီးသီးခွဲခြားဖြေဆိုခဲ့ပါ။

၇။ မြတ်ဗုဒ္ဓနှင့်တကွ နတ်ပရိသတ်အပေါင်းတို့ သီတင်းသုံးနေထိုင်ရာအခါ၌ တံခါး၏အနီး၌ နပဲပင်ပေါက်သော လိုဏ်ဂူ (ဣန္ဒသာလလိုဏ်ဂူ)၏ ထူးခြားမှုဖြစ်စဉ်တို့ကို ရေးသားခဲ့ပါ။

၈။ ယနေ့ ကမ္ဘာသူ ကမ္ဘာသားတို့ သတိပဋ္ဌာန်တရား ကြိုးစားပွားများအားထုတ်နေသည့်အတွက် ရရှိနိုင်သော အကျိုးတရားတို့ကို ဖော်ပြခဲ့ပါ။

၉။ နေ့စဉ် လုပ်ရှားရုန်းကန်နေရသော လူသားတွေအတွက် မှန်ကန်သော လှုပ်ရှားရုန်းကန် အားထုတ်မှု သမ္မာဝါယာမဖြစ်ဖို့ ပြုလုပ်ရမည့် အရာတို့ကို မဟာသတိပဋ္ဌာနသုတ်နှင့် အညီဖော်ပြခဲ့ပါ။

၁၀။ ပါယာသိမင်း၏ မှားယွင်းသော အယူအဆနှင့် အရှင်ကုမာရကဿပ၏ ဂုဏ်ရည်တို့ကို ဖြေဆိုခဲ့ပါ။

တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

ရန်ကုန်တိုင်းဒေသကြီး
ဓမ္မစေတမန်အဖွဲ့မှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
**အုပ်စု (၂) သုတ္တန္တပိဋက**
**သုတ်မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေမှန် ဓမ္မစေတမန်**
၁၃၇၅-ခုနှစ်၊ နယုန်လဆန်း (၁၁) ရက်၊ (၁၉. ၆. ၂၀၁၃) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••

**၁။ သတ္တဝါ အသီးသီးကား**

၁။ ပညာမျက်စိ၌ ကိလေသာမြူ နည်းပါးကုန်သော သတ္တဝါ၊
၂။ ပညာမျက်စိ၌ ကိလေသာမြူ များပြားကုန်သော သတ္တဝါ၊
၃။ ရင့်သော ဣန္ဒြေရှိကုန်သော သတ္တဝါ၊
၄။ နုသော ဣန္ဒြေရှိကုန်သော သတ္တဝါ၊
၅။ ကောင်းသော အခြင်းအရာရှိကုန်သော သတ္တဝါ၊
၆။ မကောင်းသော အခြင်းအရာရှိကုန်သော သတ္တဝါ၊
၇။ သိလွယ်စေကုန်သော သတ္တဝါ၊
၈။ မသိလွယ်စေကုန်သော သတ္တဝါ၊
၉။ တမလွန်လောကနှင့် အပြစ်တို့ကို ဘေးဟု ရှုလေ့ရှိကုန်သော သတ္တဝါ၊
၁၀။ တမလွန်လောကနှင့် အပြစ်တို့ကို ဘေးဟု ရှုလေ့မရှိကုန်သော သတ္တဝါတို့ ဖြစ်ပါသည်။

[ပါ၊၃၃။မြန်၊၃၅။] (တစ်ခုမှန်လျှင် ၁-မှတ် ဆယ်ခု-ပေါင်း ၁၀-မှတ်)

**၂။ ဆင်းရဲဒုက္ခ ဆိုးကျိုးများ ရရှိနိုင်ပုံကို ဥပမာနှင့်တကွ ဖော်ပြပုံကား**

အာနန္ဒာ ထိုပဋိစ္စသမုပ္ပါဒ်တရားတော်ကို လျော်စွာ မသိခြင်းကြောင့် ထိုးထွင်း၍ မသိခြင်းကြောင့် ဤသတ္တဝါအပေါင်းသည် ချည်ခင်ထွေးကဲ့သို့ ဖြစ်၍ စာပေါင်းသိုက်ကဲ့သို့ ဖြစ်၍ ဖြူဆံမြက် ပြိုက်မြက်ကဲ့သို့ ဖြစ်၍ မကောင်းသောလားရာ ပျက်စီးလျက် ကျရောက်ရာဖြစ်သော အပါယ်ကိုလည်းကောင်း သံသရာကို လည်းကောင်း မလွန်မြောက်နိုင်ဘဲ ရှိချေ၏။ [ပါ၊၄၇။မြန်၊၅၀။] (၃-မှတ်)

**ခံစားမှုဝေဒနာကို အကြောင်းပြုပြီး ဖြစ်ပေါ်လာနိုင်သော အကျိုးတရား အဆက်ဆက်ကား**

အာနန္ဒာ ဤသို့လျှင် ခံစားခြင်း “ဝေဒနာကို” စွဲ၍ တပ်မက်ခြင်း တဏှာသည် ဖြစ်၏၊ တပ်မက်ခြင်းကို စွဲ၍ ရှာမှီးခြင်းသည် ဖြစ်၏၊ ရှာမှီးခြင်းကို စွဲ၍ ရခြင်းသည် ဖြစ်၏၊ ရခြင်းကို စွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏၊ စိတ်ပိုင်းဖြတ်ခြင်းကို စွဲ၍ နှစ်သက်တပ်စွဲခြင်း ဆန္ဒရာဂသည် ဖြစ်၏၊ ထိုနှစ်သက်တပ်စွဲခြင်းကို စွဲ၍ ငါ့ဟာဟု မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ဖြစ်၏၊ မြဲမြံစွာ ဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်းသည် ဖြစ်၏။ သိမ်းပိုက်ခြင်းကို စွဲ၍ ဝန်တိုခြင်းသည် ဖြစ်၏၊ ဝန်တိုခြင်းကို စွဲ၍ ဥစ္စာကို စောင့်ရှောက်ခြင်းသည် ဖြစ်၏၊ ဥစ္စာကို စောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့် ထုတ်ဆောင်ခြင်း

လက်နက်ဆောင်ရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်း၊ ငြင်းခုံခြင်း မခံသာအောင် ပြောဆိုခြင်း၊ ကုန်းတိုက်ခြင်း၊ မဟုတ်မမှန်ပြောခြင်းဟူသော ယုတ်မာသော အကုသိုလ်တရား များစွာတို့သည် ဖြစ်ကုန်၏။

[ပါ၊၅၀၊မြန်၊၅၅။](၇-မှတ်)

၃။ နတ်တို့ကဲ့ရဲ့ပုံကား

၁။ ငါတို့သည် မြတ်စွာဘုရားကို ဖူးမြော်ရန် အဝေးမှ လာခဲ့ရကုန်၏။ (၂-မှတ်)

၂။ ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ သိတော်မူသော မြတ်စွာဘုရားတို့သည် လောက၌ တစ်ရံတစ်ခါသာ ပွင့်တော်မူကုန်၏။ (၂-မှတ်)

၃။ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ယနေ့ညဥ့်သန်းလွဲ ပစ္ဆိမယာမ်၌ပင်လျှင် ဖြစ်လတ္တံ့။

(၂-မှတ်)

၄။ တန်ခိုးကြီးသော ဤဥပဝါဏရဟန်းသည်လည်း မြတ်စွာဘုရား၏ ရှေ့တော်၌ ကွယ်လျက် ရပ်တည်နေဘိ၏။ (၂-မှတ်)

၅။ ငါတို့သည် နောက်ဆုံးကာလ၌ "မြတ်စွာဘုရားအား ဖူးမြော်ခွင့်ကို မရကြတော့ပါတကား"ဟု ကဲ့ရဲ့ကြပါသည်။ [ပါ၊၁၁၅။မြန်၊၁၃၃၊၁၃၄။] (၂-မှတ်)

**(တစ်ပုဒ်လျှင် ၂-မှတ်စီ ၅-ပုဒ် ၁၀-မှတ်)**

၄။ မိန်းမရတနာ၏ ထူးခြားမှု ဂုဏ်ရည်

အလွန်အဆင်းလှသော ရှုချင်ဖွယ်ရှိသော စိတ်ကိုကြည်နူးစေတတ်သော မြတ်သောအဆင်း သဏ္ဌာန်နှင့် ပြည့်စုံသော မမြင့်လွန်း မနိမ့်လွန်း မကြုံလွန်း မဆူလွန်း မမည်းလွန်း မဖြူလွန်းသော လူတို့၏ အဆင်းကို လွန်၍ နတ်တို့၏ အဆင်းတမျှရှိသော မိဖုရားရတနာသည် ဖြစ်ပေါ်လာ၏။ အာနန္ဒာ ထိုမိဖုရားရတနာ၏ ကိုယ်အတွေ့သည် လဲမွှို့အစုကဲ့သို့လည်းကောင်း ဝါဂွမ်းကဲ့သို့လည်းကောင်း ညက်ညော ၏။ [ပါ၊၁၄၃။ မြန်၊၁၆၅။] (၈-မှတ်)

နှစ်အရေအတွက်ကား - အနှစ် ရှစ်သောင်းလေးထောင် ဖြစ်ပါသည်။ [ပါ၊၁၅၉။မြန်၊၁၈၁။] (၂-မှတ်)

၅။ ဘုန်းတန်ခိုး အာနုဘော် ကြီးမားရခြင်းအကြောင်း - အချင်းတို့ ငါသည်လည်း ဤပြီးစီးခြင်း၏ အခြေခံ ဣဒ္ဓိပါဒ်တရား လေးပါးကိုပင် ပွားများ လေ့လာထားသောကြောင့် ဘုန်းတန်ခိုးအာနုဘော် ကြီးမားရ ပါသည်။ [ပါ၊၁၇၃။မြန်၊၁၉၇။] (၁၀-မှတ်)

၆။ အကြွင်းမဲ့သိသော တပည့်၏ ရောက်ရာဘဝကား

အာသဝေါတို့၏ ကုန်ခြင်းကြောင့် အာသဝေါကင်းသော လွတ်မြောက်သော အရဟတ္တဖိုလ်စိတ်နှင့် လွတ်မြောက်သော အရဟတ္တဖိုလ်ပညာကို မျက်မှောက်ဘဝ၌ပင် ထူးသော ဉာဏ်ဖြင့် ကိုယ်တိုင်မျက်မှောက် ပြု၍ ရောက်လျက် [ရဟန္တာဖြစ်၍] နေရကုန်၏ (ဝါ) ရဟန္တာ၏အဖြစ် ရဟန္တာ၏ဘဝသို့ ရောက်ကြရကုန်၏။

(၃-မှတ်)

အကြွင်းမဲ့ မသိသော တပည့်၏ ရောက်ရာဘဝကား

အောက်ကာမဘုံ၌ ပဋိသန္ဓေနေခြင်းအဖို့ရှိသော ငါးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပါတ်ပဋိသန္ဓေ နေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုသော ထိုဘုံမှ ပြန်လာခြင်း သဘောမရှိသော အနာဂါမ် ဖြစ်ရကုန်၏။ (ဝါ) အနာဂါမ်ဘဝသို့ ရောက်ရကုန်၏။

သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့်လည်းကောင်း၊ တပ်မက်ခြင်း ရာဂ ဖြစ်မှားခြင်းဒေါသ တွေဝေခြင်းမောဟတို့၏ ခေါင်းပါးခြင်းကြောင့်လည်းကောင်း၊ ဤလူ့ပြည်သို့ တစ်ကြိမ်သာ လာ၍ ဆင်းရဲ၏ အဆုံးကို ပြုလတ္တံ့သော သကဒါဂါမ် ဖြစ်ရကုန်၏ (ဝါ) သကဒါဂါမ်ဘဝသို့ ရောက်ရကုန်၏။

သုံးပါးသော သံယောဇဉ်အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘော မရှိမူ၍ ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန် ဖြစ်ရကုန်၏ (ဝါ) သောတာပန် ဘဝသို့ ရောက်ရကုန်၏။ [ပါ၊၂၀၁။မြန်၊၂၂၇။] (၇-မှတ်)

## ၇။ ဣန္ဒသာလလိုဏ်ဂူ၏ ထူးခြားမှု ဖြစ်စဉ်

၁။ ထိုစဉ်အခါ ဣန္ဒသာလလိုဏ်ဂူသည် မညီမညာ ဖြစ်ပါလျက် ညီညာလာ၏။ (၃-မှတ်)

၂။ ကျဉ်းမြောင်းသည် ဖြစ်ပါလျက် ကျယ်ဝန်းလာ၏။ (၃-မှတ်)

၃။ နတ်တို့၏ အရောင်ဖြင့် ဂူတွင်း၌ အမိုက်မှောင် ကွယ်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်လာ၏။ [ပါ၊၂၁၅။မြန်၊၂၄၁။] (၄-မှတ်)

## ၈။ ရရှိနိုင်သော အကျိုးတရား

၁။ သတ္တဝါတို့၏ စိတ်စင်ကြယ်ခြင်း၊ (၂-မှတ်)

၂။ စိုးရိမ်ပူပန် ငိုကြွေးခြင်းတို့ကို လွန်မြောက်နိုင်ခြင်း၊ (၂-မှတ်)

၃။ ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းခြင်း၊ (၂-မှတ်)

၄။ အရိယာမဂ်ကို ရနိုင်ခြင်း၊ (၂-မှတ်)

၅။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ခြင်းတို့ ဖြစ်သည်။ [ပါ၊၂၃၁။မြန်၊၂၅၉။] (၂-မှတ်)

## ၉။ သမ္မာဝါယာမဖြစ်ဖို့ ပြုလုပ်ရမည့် အရာတို့ကား

၁။ ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် မဖြစ်သေးသော ယုတ်မာသော အကုသိုလ်တရားတို့ကို မဖြစ်ပေါ်စေရန် ဆန္ဒကို ဖြစ်စေခြင်း၊ အားထုတ်ခြင်း၊ လုံ့လပြုခြင်း၊ စိတ်ကို ချီးမြှောက်ခြင်း၊ ဆောက်တည်ခြင်း၊ (၂-မှတ်)

၂။ ဖြစ်ပြီးသော ယုတ်မာသော အကုသိုလ်တရားတို့ကို ပယ်ရန် ဆန္ဒကို ဖြစ်စေခြင်း၊ အားထုတ်ခြင်း၊ လုံ့လပြုခြင်း၊ စိတ်ကို ချီးမြှောက်ခြင်း၊ ဆောက်တည်ခြင်း၊ (၃-မှတ်)

၃။ မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်စေရန် ဆန္ဒကို ဖြစ်စေခြင်း၊ အားထုတ်ခြင်း၊ လုံ့လပြုခြင်း၊ စိတ်ကို ချီးမြှောက်ခြင်း၊ ဆောက်တည်ခြင်း၊ (၂-မှတ်)

၄။ ဖြစ်ပြီးသော ကုသိုလ်တရားတို့ တည်မြဲစေရန် မပျောက်ပျက်စေရန် တိုးတက်ဖြစ်ပွားစေရန် ပြန့်ပြောစေရန် ပွားများမှုပြည့်စုံစေရန် ဆန္ဒကို ဖြစ်စေခြင်း၊ အားထုတ်ခြင်း၊ လုံ့လပြုခြင်း၊ စိတ်ကို ချီးမြှောက်ခြင်း၊ ဆောက်တည်ခြင်းတို့ ဖြစ်ပါသည်။ [ပါ၊၂၅၀။မြန်၊၂၇၈။] (၃-မှတ်)

## ၁၀။ မှားယွင်းသော အယူအဆ

၁။ ဤအကြောင်းကြောင့်လည်း တစ်ပါးသော လောကသည် မရှိ။

၂။ သေ၍ တစ်ဖန်ဖြစ်ပေါ်လာသော သတ္တဝါတို့သည် မရှိကုန်။

၃။ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည် မရှိ-ဟူသော အယူအဆ ဖြစ်ပါသည်။

(၃-မှတ်)

**အရှင်ကုမာရကဿပ၏ ဂုဏ်ရည်ကား**

၁။ ပညာရှိခြင်း၊ ၂။ လိမ္မာခြင်း၊ ၃။ ထက်မြက်သော ဉာဏ်ရှိခြင်း၊ ၄။ အကြားအမြင် များခြင်း၊

၅။ ဆန်းကြယ်သော တရားကို ဟောတတ်ခြင်း၊ ၆။ ပြေပြစ်သော စကားလည်း ရှိခြင်း၊

၇။ သက်ကြီးဝါကြီးလည်း ဖြစ်ခြင်း၊ ၈။ ရဟန္တာလည်း ဖြစ်ခြင်းတို့ ဖြစ်ပါသည်။ [ပါ၊၂၅၃။မြန်၊၂၈၁။]

(၇-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

**အုပ်စု (၂) သုတ္တန္တပိဋက**

**မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန်**

၁၃၇၆-ခုနှစ်၊ နယုန်လဆန်း (၂) ရက်၊ (၃၀. ၅. ၂၀၁၄) သောကြာနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

## မေးခွန်းနှင့် အဖြေ

၁။ ကဿပဘုရားရှင်၏ ခမည်းတော်, မယ်တော်အမည်နှင့်၊ ယောက်ျားမြတ်တို့၏ အမှတ်လက္ခဏာ ၃၂ ဖြာတွင် ပထမ, ဒုတိယ, တတိယ လက္ခဏာတို့ကို သိသာရုံမျှ ရေးပြ၍၊ ဝိပဿီအမည်တွင်ရခြင်း၏ အကြောင်းတို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ကဿပဘုရားရှင်၏ ခမည်းတော်, မယ်တော်အမည်နှင့်၊ ယောက်ျားမြတ်တို့၏ အမှတ် လက္ခဏာ ၃၂ ဖြာတွင် ပထမ, ဒုတိယ, တတိယ လက္ခဏာတို့ကို သိသာရုံမျှရေးပြ၍၊ ဝိပဿီ အမည် တွင်ရခြင်း၏ အကြောင်းတို့ကိုလည်း ဖြေပါ။

**ခမည်းတော်** - ဗြဟ္မဒတ္တမည်သောပုဏ္ဏား၊ (၁-မှတ်)
**မယ်တော်** - ဓနဝတီမည်သော ပုဏ္ဏေးမ၊ (၁-မှတ်) (မြန်မာပြန်၊၇)
**ပထမ** - အညီအညွတ် ကောင်းစွာထိသော ခြေဘဝါးရှိခြင်း၊ (၂-မှတ်)
**ဒုတိယ** - အောက်ခြေဘဝါးပြင်တို့၌ အကန့်တထောင်၊ အကွပ် ပုံတောင်းတို့နှင့်တကွ အခြင်းအရာ အလုံးစုံနှင့်ပြည့်စုံသော စက်ဝန်းတို့ ဖြစ်ပေါ်လျက်ရှိခြင်း၊ (၂-မှတ်)
**တတိယ** - ရှည်သော ဖနောင့်ရှိခြင်း။ (၂-မှတ်) (မြန်မာပြန်၊၁၅)
**အမည်တွင်ရကြောင်း** - (က)တာဝတိံသာနတ်တို့ ကြည့်သကဲ့သို့ မျက်စိမှိတ်ခြင်း မရှိဘဲ ကြည့်ခြင်းကြောင့် ဝိပဿီ အမည်ထင်ရှားဖြစ်၏၊ (၁-မှတ်)
(ခ)စိစစ်၍ စိစစ်၍ အဆုံးအဖြတ်တို့ကို အမှန်အတိုင်းဖြစ်စေတတ်သောကြောင့် ဝိပဿီ အမည်ဖြစ်၏။
(၁-မှတ်) (မြန်မာပြန်၊၁၈)

## မေးခွန်းနှင့် အဖြေ

၂။ နိမိတ်ကြီးလေးပါးတွင် ပါဝင်သည့် ရဟန်းကို မြင်တွေ့ရသော ဝိပဿီအမျိုးသား၏ အမေးစကားရပ်ကိုသာ ဖော်ပြ၍၊ အစဉ်တကျ ဟောပြထိုက်သော တရားစဉ်တို့တွင် ရှေ့ငါးမျိုးကိုသာ ထုတ်ပြပြီး၊ စည်းစိမ်ဥစ္စာများကို စောင့်ရှောက် ထိန်းသိမ်းရမှု အကြောင်းပြု၍ ဖြစ်လာနိုင်သည့် နောက်ဆက်တွဲများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ နိမိတ်ကြီးလေးပါးတွင် ပါဝင်သည့် ရှင်ရဟန်းကို မြင်တွေ့ရသော ဝိပဿီအမျိုးသား၏ အမေးစကားရပ်ကိုသာဖြေ၍၊ အစဉ်တကျဟောပြထိုက်သော တရားစဉ်တို့တွင် ရှေးငါးမျိုးကိုသာ ထုတ်ပြပြီး၊ စည်းစိမ်ဥစ္စာများကို စောင့်ရှောက် ထိန်းသိမ်းရမှုအကြောင်းပြု၍ ဖြစ်လာနိုင်သည့် နောက်ဆက်တွဲများကိုလည်း ဖြေပါ။

**အမေးစကားရပ်** - 'အချင်းရထားထိန်း ဤယောကျ်ားကို အဘယ်သို့ပြုထားသနည်း၊ ထိုသူ၏ ဦးခေါင်းသည်လည်း အခြားသူတို့၏ ဦးခေါင်းကဲ့သို့ မဟုတ်ပါတကား၊ ထိုသူ၏အဝတ်တို့သည်လည်း အခြားသူတို့၏ အဝတ်တို့ကဲ့သို့ မဟုတ်ပါတကား'ဟုမေး၏။ **(၂-မှတ်)**(မြန်၊၂၅)

**တရားစဉ်တို့တွင် ရှေ့ငါးမျိုး** - (က)ဒါနနှင့်စပ်သောတရားစကား၊ (ခ)သီလနှင့်စပ်သောတရားစကား၊ (ဂ)နတ်ပြည်နှင့်စပ်သောတရားစကား၊ (ဃ)ကာမဂုဏ်တို့၏အပြစ်၊ (င)ယုတ်ညံ့ခြင်း၊ **(၅-မှတ်)**(မြန်၊၃၇)

**စောင့်ရှောက်ရမှု အကြောင်းပြု၍** - တုတ်ဆောင်ရခြင်း၊ လက်နက်ဆောင်ရခြင်း၊ ခိုက်ရန်ဖြစ်ခြင်း၊ ဆန့်ကျင်ခြင်း၊ ငြင်းခုံခြင်း၊ မခံသာအောင် ပြောဆိုခြင်း၊ ဂုံးတိုက်ခြင်း၊ မဟုတ်မမှန်ပြောခြင်းဟူသော ယုတ်မာသောအကုသိုလ်တရား များစွာတို့သည် ဖြစ်ကုန်၏။ **(၃-မှတ်)**(မြန်၊၅၅)

## မေးခွန်းနှင့် အဖြေ

၃။ 'သီလ လုံက၊ ခုနောင်ဘဝ၊ မုချ ချမ်းသာမှာ'ဟု ဆိုရိုးပြုက လက်ခံနိုင်ဖွယ် ရှိ/မရှိ စိစစ် တင်ပြ၍၊ မြေလှုပ်ရခြင်းအကြောင်းတို့တွင် ဘုရားရှင်နှင့်တိုက်ရိုက် ပတ်သက်မှုမရှိသည့်အကြောင်း နှစ်ရပ်ကိုသာ သိသာရုံ ဖော်ပြခဲ့ပါ။

ဖြေ။ 'သီလ လုံက ခုနောင်ဘဝ မုချ ချမ်းသာမှာ'ဟုဆိုရိုးပြုက လက်ခံနိုင်ဖွယ် ရှိ/မရှိ စိစစ် တင်ပြ၍၊ မြေလှုပ်ရခြင်းအကြောင်းတို့တွင် ဘုရားရှင်နှင့်တိုက်ရိုက် ပတ်သက်မှုမရှိသည့် အကြောင်း နှစ်ရပ်ကိုသာ သိသာရုံဖြေပါ။

**လက်ခံနိုင်ဖွယ်** - ရှိပါသည်။ (၁-မှတ်)

**စိစစ်ချက်** - (က)သီလရှိသော သီလနှင့်ပြည့်စုံသောသူသည် မမေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ်အစုကိုရ၏၊ (ခ)ကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ထွက်၏၊ (ဂ)မင်းပရိသတ် ရဟန်းပရိသတ် ပုဏ္ဏားပရိသတ် သူကြွယ်ပရိသတ် အလယ်သို့ချဉ်းကပ်ခဲ့သော် မကြောက်မရွံ့ မျက်နှာ မညှိုးငယ်ပဲ ချဉ်းကပ်ရ၏၊ (ဃ)တွေဝေခြင်း မရှိပဲ သေရ၏၊ (င)ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာနတ်ပြည်၌ဖြစ်ရ၏၊ ဟု သီလရှိသူ၏ သီလနှင့်ပြည့်စုံခြင်း၌ အကျိုးအာနိသင်ငါးမျိုးတို့ကို ပါဋလိရွာသား ဥပါသိကာတို့အား မိန့်ကြားချက်ရှိခဲ့သောကြောင့်။

(၅-မှတ်)(မြန်၊၈၅)

**အကြောင်းနှစ်ရပ်** - (က)ဤမဟာပထဝီမြေကြီးသည် ရေ၌တည်၏၊ ရေသည် လေ၌တည်၏၊ လေသည် ကောင်းကင်၌တည်၏၊ ပြင်းထန်စွာလေတိုက်သောအခါ ရေကိုလှုပ်စေကုန်၏၊ ရေလှုပ်သော် မြေကိုလှုပ်စေ၏၊ (၂-မှတ်)

(ခ)တန်ခိုးနှင့်ပြည့်စုံသော အဘိညာဏ်စိတ်၌လေ့လာပြီးသော သမဏ ဗြာဟ္မဏသည်၎င်း၊ တန်ခိုး အာနုဘော်ကြီးသောနတ်သည်၎င်း အားနည်းသော မြေကသိုဏ်းစျာန်သညာနှင့် အားကြီးသောရေကသိုဏ်းစျာန်သညာတို့ကို ပွားများပြီးလျှင် ဤမြေကြီးကိုလှုပ်စေ တုန်လှုပ်စေ ပြင်းစွာတုန်လှုပ်စေ သွက်သွက်ခါတုန်လှုပ်စေ၏၊ (၂-မှတ်)(မြန်၊၁၀၅)

## မေးခွန်းနှင့် အဖြေ

၄။ ဆင်ပြောင်ကြီးကဲ့သို့ ပြန်လှည့်ကြည့်ရှုပုံအခြင်းအရာနှင့် မိန့်တော်မူသည့် စကားရပ်တို့ကို ဖော်ပြ၍၊ စေတီ ပုထိုး တည်ထားကိုးကွယ်ထိုက်သူ သရုပ်နှင့် အကျိုးကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ ဆင်ပြောင်ကြီးကဲ့သို့ ပြန်လှည့်ကြည့်ရှု ပြုပုံအခြင်းအရာနှင့်, မိန့်တော်မူသည့် စကားရပ် တို့ကိုဖြေ၍၊ စေတီ ပုထိုး တည်ထားကိုးကွယ်ထိုက်သူ သရုပ်နှင့် အကျိုးရလာဘ်ကို ဖြေပါ။

၄။ **ပြုပုံအခြင်းအရာ** - မြတ်စွာဘုရားသည် နံနက်အချိန်၌ သင်္ကန်းကိုပြင်ဝတ်၍ သပိတ်သင်္ကန်းကို ယူလျက် ဝေသာလီပြည်သို့ ဆွမ်းခံဝင် လှည့်လည်ပြီးလျှင် ဆွမ်းစားပြီး ဆွမ်းစားရာမှ ဖဲခွါခဲ့ပြီးနောက် ဆင်ပြောင်ကြီးကဲ့သို့ ပြန်လှည့်ကြည့်ရှုတော်မူ၍ **(၂-မှတ်)**

**မိန့်တော်မူသည့်စကားရပ်** - 'အာနန္ဒာ ဤယခုကြည့်ရှုခြင်းသည် ဝေသာလီပြည်ကို မြတ်စွာဘုရား၏ နောက်ဆုံးကြည့်ရှုခြင်းပေတည်း၊ အာနန္ဒာ လာ သွားကုန်အံ့၊ ဘဏ္ဍုရွာသို့ ချဉ်းကပ်ကုန်အံ့'ဟု အရှင်အာနန္ဒာအား မိန့်တော်မူ၏။ **(၂-မှတ်)** (မြန်၊၁၁၇-၈)

**စေတီတည်ထားကိုးကွယ်ထိုက်သူ** - (က)ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသောတရားတို့ကို ကိုယ်တိုင်မှန်စွာသိတော်မူသော မြတ်စွာဘုရား၊ (ခ)ပစ္စေကဗုဒ္ဓါ၊ (ဂ)မြတ်စွာဘုရား၏သာဝက၊ (ဃ)စကြဝတေးမင်း ဤလေးမျိုးတို့တည်း။ **(၄-မှတ်)**

**အကျိုးရလာဘ်** - ဤစေတီသည် ပူဇော်အထူးကိုခံတော်မူထိုက်သော ထိုမြတ်စွာဘုရား၏စေတီတည်း၊ ဤစေတီသည် ပစ္စေကဗုဒ္ဓါ၏စေတီတည်း၊ ဤစေတီသည် မြတ်စွာဘုရား၏ တပည့်သား သာဝက၏စေတီတည်း၊ ဤစေတီသည် တရားစောင့်သော ထိုမင်းတရား၏စေတီတည်းဟု (က)လူအများတို့သည် စိတ်ဖြင့် ကြည်ညိုကုန်၏၊ (ခ)ထိုသူတို့သည် စေတီ၌ စိတ်ဖြင့်ကြည်ညိုပြီးသော် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှနောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ရောက်ရကုန်၏။ **(၂-မှတ်)** (မြန်၊၁၃၆-၇)

## မေးခွန်းနှင့် အဖြေ

၅။ မဟာသုဒဿနစကြဝတေးမင်း၏ စည်းစိမ်းချမ်းသာ အဖြာဖြာ ရရှိစေကြောင်း နည်းလမ်းကောင်း သုံးမျိုးကို ရေး၍၊ သုဓမ္မာနတ်သဘင်၌ နတ်ပရိသတ်တို့ စည်းဝေးထိုင်နေကြပုံကိုလည်း ကျနစွာ နေရာချပြကာ ရေးသားခဲ့ပါ။

ဖြေ။ မဟာသုဒဿနစကြဝတေးမင်း၏ စည်းစိမ်းချမ်းသာ အဖြာဖြာ ရရှိစေကြောင်း နည်းလမ်းကောင်း သုံးမျိုးကိုရေး၍၊ သုဓမ္မာနတ်သဘင်၌ နတ်ပရိသတ်တို့ စည်းဝေးထိုင်နေကြပုံ ကိုလည်း ကျနစွာ နေရာချပြကာ ရေးပါ။

**နည်းလမ်းသုံးမျိုး** - (က)ပေးကမ်းခြင်း ဒါန၊ (ခ)ဆုံးမခြင်း ဒမ၊ (ဂ)ကိုယ်နှုတ်စောင့်စည်းခြင်း သီလသံယမ ဟူသောကာံသုံးပါးဖြစ်သည်။ **(တစ်ခု ၁-မှတ် ၃-မှတ်)** (မြန်၊၁၇၂)

**စည်းဝေးထိုင်နေကြပုံ** - များစွာသောနတ်ပရိသတ်တို့သည်လည်း ထက်ဝန်းကျင်၌ ထိုင်နေကုန်၏၊ နတ်မင်းကြီးလေးယောက်တို့သည်လည်း အရပ်လေးမျက်နှာတို့၌ ထိုင်နေကြကုန်၏၊ **(၂-မှတ်)** (က)အရှေ့အရပ်မှ ဓတရဋ္ဌနတ်မင်းကြီးသည် အနောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေ၏၊ (ခ)တောင်အရပ်မှ ဝိရူဠှကနတ်မင်းကြီးသည် မြောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေ၏၊ (ဂ)အနောက်အရပ်မှ ဝိရူပက္ခနတ်မင်းကြီးသည် အရှေ့အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေ၏၊ (ဃ)မြောက်အရပ်မှ ဝေဿဝဏ်နတ်မင်းကြီးသည် တောင်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေ၏။

**(အားလုံးမှန် ၅-မှတ်)**(မြန်၊၁၉၂)

## မေးခွန်းနှင့် အဖြေ

၆။ နတ်မင်းသိကြား မိန့်မြွက်ကြားသည့် 'ဘဘုရား၏ အစစ်အမှန် ဂုဏ်ရှစ်တန်တွင်' ရှေ့သုံးမျိုးကိုသာ နားလည်သလို အကျဉ်းချုပ် ရေး၍၊ သုဒ္ဓါဝါသနတ်ပြဟ္မာတို့ ဘုရားထံမှောက် ချဉ်းကပ် ရောက်ရှိလာကြပုံကို ဥပမာနှင့်တွဲစပ် ဖော်ပြခဲ့ပါ။

ဖြေ။ နတ်မင်းသိကြား မိန့်မြွက်ကြားသည့် 'ဘဘုရား၏ အစစ်အမှန် ဂုဏ်ရှစ်တန်တွင်' ရှေ့သုံးမျိုး ကိုသာ နားလည်သလို အကျဉ်းချုပ်ရေး၍၊ သုဒ္ဓါဝါသနတ်ပြဟ္မာတို့ ဘုရားထံမှောက် ချဉ်းကပ် ရောက်ရှိလာကြပုံကို ဥပမာနှင့်တွဲစပ်ဖြေဆိုပါ။

**ရှေ့သုံးမျိုး** - (က)လူအများ၏ စီးပွားချမ်းသာအလို့ငှာ လောကကို စောင့်ရှောက်ရန်အလို့ငှာ နတ်လူတို့၏အကျိုးစီးပွား ချမ်းသာအလို့ငှာ ကျင့်တော်မူသည့်ဂုဏ်၊ (ခ)မိမိကိုယ်ထည်း စိတ်ထည်း၌ ဆောင်ယူထားထိုက်သောတရားကို ဟောတော်မူသည့်ဂုဏ်၊ (ဂ)ကုသိုလ် အကုသိုလ်၊ အပြစ်ရှိ အပြစ်မရှိ မှိုဲအပ် မမှိုဲအပ်၊ အယုတ် အမြတ်၊ မည်းညစ်သောအဖို့ ဖြူစင်သောအဖို့ရှိသောတရားတို့ကို ဖော်ပြတော်မူတတ်သောဂုဏ်။ **(တစ်ခု ၂ မှတ် ၆-မှတ်)**

သင့်လျော်သလို အနှစ်ချုပ်ထားသည်။ (မြန်၊၂၀၅)

**ချဉ်းကပ်ရောက်ရှိလာကြပုံ** - ဥပမာ ခွန်းအားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့ရင်း၊ ဆန့်သောလက်ကိုကွေးသကဲ့သို့ရင်း၊ **(၂-မှတ်)**

ဤအတူ သုဒ္ဓါဝါသပြဟ္မာ့ဘုံမှ ကွယ်ခဲ့၍ မြတ်စွာဘုရား၏ရှေ့တော်၌ ထင်ရှား ပေါ်လာကုန်၏။

**(၂-မှတ်)** (မြန်၊၂၂၉)

## မေးခွန်းနှင့် အဖြေ

၇။ သာသနာတွင်း သာသနာပ အဆုံးအမ ခြားနားလှပုံကို 'မဟာဂေါဝိန္ဒပုဏ္ဏား ရဟန်းပြုခန်း'လာ မိန့်ဆိုချက်စကားရပ်တို့ဖြင့် စွမ်းနိုင်သမျှ နှိုင်းယှဉ်ချိန်ဆ၍ ရှင်းပြခဲ့ပါ။

ဖြေ။ သာသနာတွင်း သာသနာပ အဆုံးအမ ခြားနားလှပုံကို 'မဟာဂေါဝိန္ဒပုဏ္ဏားရဟန်းပြုခန်း'လာ မိန့်ဆိုချက် စကားရပ်တို့ဖြင့် စွမ်းနိုင်သမျှ နှိုင်းယှဉ်ချိန်ဆ ရှင်းပြပါ။

**ခြားနားပုံ** - မဟာဂေါဝိန္ဒပုဏ္ဏား၏အဆုံးအမကို အကြွင်းမဲ့သိသောတပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး၍သေပြီးသည်မှနောက်၌ ကောင်းသောလားရာဖြစ်သော ဗြဟ္မာ့လောကသို့ ကပ်ရောက်ကုန်၏၊

မဟာဂေါဝိန္ဒပုဏ္ဏား၏အဆုံးအမကို အကြွင်းမဲ့ မသိသောတပည့်တို့သည် ခန္ဓာကိုယ်ပျက်စီး သေပြီးသည်မှနောက်၌ အချို့ ပရနိမ္မိတဝသဝတ္တီနတ်ပြည်သို့၊ အချို့ နိမ္မာနရတိနတ်ပြည်သို့၊ အချို့တုသိတာနတ်ပြည်သို့၊ အချို့ တာဝတိံသာနတ်ပြည်သို့၊ အချို့ စာတုမဟာရာဇ်နတ်ပြည်သို့၊ အနိမ့်ဆုံးနတ်မျိုး၌ဖြစ်သူတို့သည်ပင် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ကုန်၏။ (၃-မှတ်)

ငါသည်တပည့်တို့အား ဗြဟ္မာ့ဘုံ၌ အဖော်ဖြစ်ဖို့ လမ်းကို ဟောကြားခဲ့၏၊ ငါဟောကြားခဲ့သော ထိုမြတ်သောအကျင့်သည် စင်စစ် ငြီးငွေ့ရန်အလို့ငှာ မဖြစ်၊ တပ်မက်ခြင်းကင်းရန်အလို့ငှာ၊ ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှာ၊ ရာဂစသည်ငြိမ်းရန်အလို့ငှာ၊ ထူးသောဉာဏ်ဖြင့်သိရန်အလို့ငှာ၊ သစ္စာလေးပါးကိုသိရန်အလို့ငှာ၊ နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ မဖြစ်၊ ဗြဟ္မာ့သို့ရောက်ရုံမျှသာ ဖြစ်၏။ ဤကား သာသနာပကာလတည်း။ (၃-မှတ်)

ယခုငါဟောသော ဤမြတ်သောအကျင့်သည်ကား စင်စစ် ငြီးငွေ့ရန်အလို့ငှာဖြစ်၏၊ တပ်မက်ခြင်းကင်းရန်အလို့ငှာ၊ ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှာ၊ ကိလေသာငြိမ်းရန်အလို့ငှာ၊ ထူးသောဉာဏ်ဖြင့်သိရန်အလို့ငှာ၊ သစ္စာလေးပါးကိုသိရန်အလို့ငှာ၊ နိဗ္ဗာန်ကိုမျက်မှောက်ပြုရန် အလို့ငှာဖြစ်၏။(၂-မှတ်)

ငါ၏အဆုံးအမကို အကြွင်းမဲ့သိသောတပည့်တို့သည် အာသဝေါကင်းကွာ ရဟန္တာဖြစ်၍နေရကုန်ခြင်း၊ ငါ၏အဆုံးအမကို အကြွင်းမဲ့ မသိသောတပည့်တို့သည် အနာဂါမ်ဖြစ်ကုန်ခြင်း၊ အချို့တို့သည် သကဒါဂါမ်ဖြစ်ကုန်ခြင်း၊ အချို့တို့သည် သောတာပန် ဖြစ်ကုန်ခြင်း။ ဤကား သာသနာတွင်း ကာလတည်း။ (၂-မှတ်)

(သင့်လျော်သလို အနှစ်ချုပ်ရေးနိုင်သည်) (မြန်၊၂၂၆-၇)

## မေးခွန်းနှင့် အဖြေ

၈။ ပဋ္ဌသိခနတ်သားက ဘုရားရှင်အား မြွက်ကြား လျှောက်ထားသိစေသည့် စကားရပ်များကို အစုအားဖြင့် ခွဲခြား တင်ပြ၍၊ အမျိုးသမီးဘဝမှ လွတ်မြောက်ခွင့်ရစေဖို့ ဂေါပကနတ်သားဝတ္ထုလာ မိန့်ဆိုသည့် နည်းလမ်းကို နည်းယူဖွယ် ဖြစ်အောင် ရေးပြခဲ့ပါ။

ဖြေ။ ပဋ္ဌသိခနတ်သားက ဘုရားရှင်အား မြွက်ကြားလျှောက်ထားသိစေသည့် စကားရပ်များကို အစုအားဖြင့် ခွဲခြားတင်ပြ၍၊ အမျိုးသမီးဘဝက လွတ်မြောက်ခွင့်ရစေဖို့ ဂေါပကနတ်သားဝတ္ထုလာ မိန့်ဆိုသည့်နည်းလမ်းကို နည်းယူဖွယ်ဖြစ်အောင်ရေးပြပါ။

**အစုအားဖြင့်** - (က)ဘုရားနှင့်စပ်သော၊ (ခ)တရားနှင့်စပ်သော၊ (ဂ)သံဃာနှင့်စပ်သော၊ (ဃ)ရဟန္တာတို့နှင့်စပ်သော၊ (င)ကာမဂုဏ်နှင့်စပ်သော ဂါထာများ။

**(တစ်ခု ၁ မှတ် ၅ မှတ်)** (မြန်၊၂၃၈)

**နည်းလမ်း** - (က)ဘုရား တရား သံဃာ၌ ကြည်ညိုရခြင်း၊✔**(၁-မှတ်)** (ခ)ငါးပါးသီလမျှကို စောင့်ထိန်းလေ့ရှိရခြင်း၊✔**(၂-မှတ်)** (ဂ)မိန်းမပင်ဖြစ်သော်လည်း မိန်းမဖြစ်ကြောင်းကို စက်ဆုပ်လျက် ယောကျ်ားဖြစ်ကြောင်းကို ဖြည့်ကျင့်ရခြင်း။✔ (၂-မှတ်)(မြန်၊၂၄၃)

## မေးခွန်းနှင့် အဖြေ

၉။ သက္ကပဥ္စသုတ္တန်ဒေသနာတော်အဆုံး၌ နတ်တို့သေဌ်နင်း သိကြားမင်း ကျူးရင့် မြွက်ဆိုအပ်သည့် ဥဒါန်းစကားကို မြွက်ဆိုပုံအခြင်းအရာနှင့်တကွ ရေး၍၊ ဒုက္ခအရိယသစ္စာ လာ ဒုက္ခသရုပ်ကိုလည်း အပိုအလိုမရှိအောင် ရေတွက်ပြခဲ့ပါ။

ဖြေ။ သက္ကပဥ္စသုတ္တန်ဒေသနာတော်အဆုံး၌ နတ်တို့သေဌ်နင်းသိကြားမင်း ကျူးရင့်မြွက်ဆို အပ်သည့် ဥဒါန်းစကားကို မြွက်ဆိုပုံအခြင်းအရာနှင့်တကွ ရေး၍၊ ဒုက္ခအရိယသစ္စာ လာ ဒုက္ခသရုပ် ကိုလည်း အပို အလိုမရှိအောင် ရေတွက်ပြပါ။

**ဥဒါန်းစကား** - 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ' (၂-မှတ်)

**မြွက်ဆိုပုံအခြင်းအရာ** - လက်ဖြင့်မြေကို ပုတ်၍ သုံးကြိမ်ကျူးရင့်သည်။ (၁-မှတ်)(မြန်၊၂၅၇)

**ဒုက္ခသရုပ်** - (က)ဇာတိဒုက္ခ၊ (ခ)ဇရာဒုက္ခ၊✔(၁-မှတ်)

(ဂ)မရဏဒုက္ခ၊✔ (ဃ)သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသဒုက္ခ၊✔ (င)မချစ်ခင် မနှစ်သက်ဖွယ်တို့နှင့် တွေ့ဆုံပေါင်းသင်းရခြင်းဒုက္ခ၊✔ (စ)ချစ်နှစ်လိုဖွယ်တို့နှင့် ကွဲကွာကွေကွင်းရခြင်းဒုက္ခ၊✔ (ဆ)အလိုရှိသည်ကို မရခြင်းဒုက္ခ၊✔ (ဇ)အချုပ်အားဖြင့် ဥပါဒါနက္ခန္ဓာငါးပါးတို့သည်လည်း ဒုက္ခ။✔ (တစ်ခု ၁ မှတ် ၆ မှတ်) (မြန်၊၂၇၁)

## မေးခွန်းနှင့် အဖြေ

၁၀။ သမ္မာကမ္မန္တမဂ္ဂင်၏ အဓိပ္ပါယ်ကို သိလွယ်အောင် ရှင်းပြ၍၊ ဒါနရှင်နှင့် ဝေယျာဝစ္စပြုသူတို့၏ စိတ်ဓာတ်နှင့်လုပ်ရပ် ကွဲပြားမှုကြောင့် ရလာဘ်ကွဲပြားရပုံကိုလည်း ပါယာသိသုတ်တော်လာသည့် အတိုင်း ကြောင်းကျိုးဆက်စပ်၍ ရှင်းပြခဲ့ပါ။

ဖြေ။ သမ္မာကမ္မန္တမဂ္ဂင်၏ အဓိပ္ပါယ်ကို သိလွယ်အောင်ရှင်းပြ၍၊ ဒါနရှင်နှင့် ဝေယျာဝစ္စပြုသူတို့၏ စိတ်ဓာတ်နှင့်လုပ်ရပ် ကွဲပြားမှုကြောင့် ရလာဘ်ကွဲပြာရပုံကိုလည်း ပါယာသိသုတ်တော်လာသည့် အတိုင်း ကြောင်း ကျိုးဆက်စပ်ရှင်းပြပါ။

**အဓိပ္ပါယ်** - (က)သူ့အသက်ကိုသတ်ခြင်းမှ ကြဉ်ရှောင်ခြင်း၊ (ခ)မပေးသည်ကိုယူခြင်းမှ ကြဉ်ရှောင်ခြင်း၊ (ဂ)ကာမဂုဏ်တို့၌ မှားယွင်းစွာကျင့်ခြင်းမှ ကြဉ်ရှောင်ခြင်းကို မှန်စွာပြုလုပ်ခြင်းသည် သမ္မာကမ္မန္တမည်၏။ (၂-မှတ်)(မြန်၊၂၇၈)

**ကြောင်း ကျိုးဆက်စပ် ကွဲပြားချက်** - အလှူ့ရှင် ပါယာသိမြို့စားသည် အရိုအသေမပြုမူ၍ အလှူကိုလှူခြင်း၊ မိမိလက်ဖြင့်မဟုတ်မူ၍ အလှူကိုလှူခြင်း၊ အလေးအမြတ်မပြုမူ၍အလှူကိုလှူခြင်း၊ ပစ်ပစ်ခါခါကဲ့သို့ပြု၍အလှူကိုလှူခြင်းကြောင့် (၂-မှတ်)

ခန္ဓာပျက်စီး သေပြီးနောက်၌ ပရိသတ်ကင်းမဲ့သော သေရီသကဗိမာန်ဝယ် စတုမဟာရာဇ် နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ရောက်ရ၏၊ (၂-မှတ်)

အလှူ၌အုပ်ချုပ်စီမံသော(ဝေယျာဝစ္စပြုသူ) ဥတ္တရလုလင်သည်ကား (၁-မှတ်)

အရိုအသေပြု၍ အလှူကိုလှူခြင်း မိမိလက်ဖြင့်အလှူကိုလှူခြင်း အလေးအမြတ်ပြု၍အလှူကိုလှူခြင်း ပစ်ပစ်ခါခါကဲ့သို့မပြုမူ၍အလှူကိုလှူခြင်းကြောင့် (၁-မှတ်)

ခန္ဓာပျက်စီး သေပြီးနောက်၌ ကောင်းသောလားရာ နတ်ပြည်ဝယ် တာဝတိံသာနတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ရောက်ရ၏။ (၂-မှတ်)(မြန်၊၃၁၅)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
အုပ်စု (၂) သုတ္တန္တပိဋက
မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် အဖြေ
၁၃၇၇-ခုနှစ်၊ ပထမဝါဆိုလဆန်း (၇) ရက်၊ (၂၃. ၆. ၂၀၁၅) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

၁-မေး။ ကုက္ကိုပင်ရင်း၌ ပွင့်တော်မူသော မြတ်စွာဘုရား၏ အောက်ပါအချက်များကို ဖော်ပြပါ။

(က) ဘွဲ့တော် (ခ) ပွင့်ရာကမ္ဘာ (ဂ) အမျိုး
(ဃ) အနွယ် (င) သက်တမ်း (စ) အဂ္ဂသာဝကအစုံ
(ဆ) အလုပ်အကျွေးရဟန်း (ဇ) မယ်တော်အမည် (ဈ) ခမည်းတော်အမည်။

ဖြေ။
(က) ကကုသန် (၁) မှတ်
(ခ) ဘဒ္ဒကမ္ဘာ (၂) မှတ်
(ဂ) ပုဏ္ဏားမျိုး (၁) မှတ်
(ဃ) ကဿပအနွယ် (၁) မှတ်
(င) နှစ်လေးသောင်း (၁) မှတ်
(စ) ဝိဓုရနှင့် သဉ္ဇီဝ (၁) မှတ်
(ဆ) ဗုဒ္ဓိဇရဟန်း (၁) မှတ်
(ဇ) ဝိသာခါပုဏ္ဏေားမ (၁) မှတ်
(ဈ) အဂ္ဂိဒတ္တပုဏ္ဏား။ (၁) မှတ်

၂-မေး။ ခံစားမှုဝေဒနာမှ စ၍ အကုသိုလ်တရားများစွာတို့ ကြောင်းကျိုးအနေဖြင့် ဆင့်ကာဆင့်ကာ ဖြစ်ပေါ်လာပုံကို ရေးသားပါ။

ဖြေ။ ခံစားခြင်း 'ဝေဒနာ'ကို စွဲ၍ တပ်မက်ခြင်း 'တဏှာ'သည် ဖြစ်၏။
- တပ်မက်ခြင်းကိုစွဲ၍ ရှာမှီးခြင်းသည်ဖြစ်၏။
- ရှာမှီးခြင်းကိုစွဲ၍ ရခြင်းသည် ဖြစ်၏။
- ရခြင်းကိုစွဲ၍ အသုံးချရန်စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏။
- စိတ်ပိုင်းဖြတ်ခြင်းကိုစွဲ၍ နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'သည် ဖြစ်၏။
- နှစ်သက်တပ်စွဲခြင်းကို စွဲ၍ 'ငါ့ဟာ'ဟု မြဲမြံစွာ ဆုံးဖြတ်ခြင်းသည် ဖြစ်၏။
- မြဲမြံစွာဆုံးဖြတ်ခြင်းကို စွဲ၍ သိမ်းပိုက်ခြင်းသည်ဖြစ်၏။
- သိမ်းပိုက်ခြင်းကို စွဲ၍ ဝန်တိုခြင်းသည်ဖြစ်၏။

- ဝန်တိုခြင်းကို စွဲ၍ (ဥစ္စာ)ကို စောင့်ရှောက်ခြင်းသည် ဖြစ်၏။

- (ဥစ္စာကို) စောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့် တုတ်ဆောင်ရခြင်း, လက်နက်ဆောင်ရခြင်း, ခိုက်ရန်ဖြစ်ခြင်း, ဆန့်ကျင်ခြင်း, ငြင်းခုံခြင်း, မခံသာအောင်ပြောဆိုခြင်း, ကုန်းတိုက်ခြင်း, မဟုတ်မမှန်ပြောဆိုခြင်း ဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့သည် ဖြစ်ကုန်၏။ (ဒီ၊ ၂။မြန်။ ၅၅။) (၁-မှတ်စီ)

၃-မေး။ ကောဋိရွာ၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ရဟန်းတော်တို့အား အကြိမ်များစွာ ဟောကြားခဲ့သော တရားတော်နှင့် စကြဝတေးမင်း၏အလောင်း စေတီတည်ထိုက်ပုံတို့ကို ဖော်ပြခဲ့ပါ။

ဖြေ။ **အကြိမ်များစွာဟောကြားခဲ့သော တရား**

"ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း၊ သီလ၌ တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုးအာနိသင်ရှိ၏၊ သမာဓိ၌တည်၍ ဖြစ်စေအပ်သော ပညာသည် များသော အကျိုးအာနိသင်ရှိ၏၊ ပညာ၌တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ, ဘဝါသဝ, အဝိဇ္ဇာသဝဟူသော အာသဝေါတို့မှ ကောင်းစွာသာလျှင် လွတ်မြောက်၏"ဟု ဟောတော်မူပါသည်။ (ဒီ၊ ၂။မြန်။ ၈၉။)

**စကြာဝတေးမင်း၏ အလောင်းစေတီတည်ထိုက်ပုံ**

"ဤစေတီသည် တရားစောင့်သော ထိုတရားမင်း၏ စေတီတည်း"ဟု လူအများတို့သည် စိတ်ဖြင့် ကြည်ညိုကုန်၏။ ထိုသူတို့သည် ထိုစေတီ၌ စိတ်ဖြင့်ကြည်ညိုပြီးသော် ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသောလားရာ နတ်ပြည်သို့ ရောက်ရကုန်၏။ ထို့ကြောင့် စကြဝတေးမင်း၏ အလောင်းသည် စေတီတည်ထိုက်ရခြင်းဖြစ်ပါသည်။ (ဒီ၊ ၂။မြန်။ ၁၃၇။) (၅-မှတ်စီ)

၄။မဟာသုဒဿနစကြာမင်း တန်ခိုးအာနုဘော်ကြီးခြင်း၏ အကြောင်းတရားတို့ကို ဖော်ပြ၍၊ ထိုမင်း မဟာဝိယူဟကပြာသာဒ်တံခါးဝ၌ ကျူးရင့်သော ဥဒါန်းစကားတို့ကိုလည်း ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ **မဟာသုဒဿနစကြာမင်း တန်ခိုးကြီးရကြောင်း**

- ပေးကမ်းခြင်း 'ဒါန'
- ဆုံးမခြင်း 'ဒမ'
- ကိုယ်နှုတ်စောင့်စည်းခြင်း 'သီလသံယမ' ဟူသော ကံသုံးပါးတို့ကြောင့် တန်ခိုးအာနုဘော်ကြီးရသည်။

(ဒီ၊ ၂။မြန်။ ၁၇၂။)

**ဥဒါန်းစကား**

"ကာမဝိတက် နေရစ်လော့၊ ဗျာပါဒဝိတက် နေရစ်လော့၊ ဝိဟိံသဝိတက် နေရစ်လော့၊ ကာမဝိတက် သင့်နယ်ကား ဤမျှသာရှိ၏၊ ဗျာပါဒဝိတက် သင့်နယ်ကား ဤမျှသာရှိ၏၊ ဝိဟိံသဝိတက် သင့်နယ်ကား ဤမျှသာ ရှိ၏"ဟု ဥဒါန်းကျူးပါသည်။ (ဒီ၊ ၂။မြန်။ ၁၇၂-၃။) (၅-မှတ်စီ)

၅။အဘယ်ကဲ့သို့သော အသံရှိသူကို ဗြဟ္မဿရ (ဗြဟ္မာ့အသံနှင့်တူသော အသံရှိသူ)ဟု ခေါ်ဆိုရပါသနည်း ရှင်းပြခဲ့ပါ။

ဖြေ။ ဖြဟ္မသာရ

သနက်ုမာရဗြဟ္မာ၏ အသံသည် သန့်ရှင်းခြင်း၊ ပြတ်သားခြင်း၊ သာယာခြင်း၊ နားဝင်ချိုခြင်း၊ အသံလုံခြင်း၊ မကွက်အက်ခြင်း၊ အသံအောင်ခြင်း၊ မြည်ဟိန်းခြင်းဟူသော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံပါ၏။ အသျှင်ဘုရား သနက်ုမာရဗြဟ္မာသည် ပရိသတ်ရှိသလောက် အသံဖြင့် ကြားသိစေပါသည်။ ထိုဗြဟ္မာ၏ အသံသည် ပရိသတ်၏ ပြင်ပသို့လည်း မထွက်ပါ။ အသျှင်ဘုရား ဤသို့အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော အသံရှိသူကို 'ဗြဟ္မဿရ' ဗြဟ္မာ့အသံနှင့်တူသော အသံရှိသူဟု ခေါ်ဆိုရပါသည်။ (ဒီ၊၂။မြန်။၁၉၅။) (၁၀-မှတ်)

၆။ မြတ်စွာဘုရား၏ မဖောက်မပြန် ဟုတ်မှန်သော ဂုဏ်တော်ရှစ်ပါးအနက် နောက်ဆုံးနှစ်ပါးကိုသာ ဖွင့်ဆို ရှင်းလင်းပြခဲ့ပါ။

ဖြေ။ နောက်ဆုံးဂုဏ်တော်နှစ်ပါး

- ထိုမြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိပါပေ၏၊ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိပါပေ၏။ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိပါပေ၏။ ဤသို့ ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိ၍ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိလျက် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည့်ဂုဏ်။
- ထိုမြတ်စွာဘုရားသည် မြတ်သောမှီရာဖြစ်သော အာဒိဗြဟ္မစရိယဖြင့် အလုံးစုံသောတရားတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာ ခရီးခဲကို ကူးမြောက်ပြီး ဖြစ်တော်မူပါပေ၏၊ သို့လောသို့လော တွေးတောခြင်း ကင်းပြီး ဖြစ်တော်မူပါပေ၏။ အလုံးစုံပြီးမြောက်သော နှလုံးအလိုရှိတော်မူပါပေ၏။ ဤကဲ့သို့သောဂုဏ်။

(ဒီ၊၂။မြန်။၂၀၅။) (၅-မှတ်စီ)

၇။ မဟာဝုန်တော သံယာ့အစည်းအဝေးသို့ လာရောက်ကြသည့် ဗြဟ္မာတို့အနက် အမည်မဖော်ပြထားသော ဗြဟ္မာငါးဦးကို ရေးသား ဖော်ပြခဲ့ပါ။

ဖြေ။ သံဃာ့စည်းဝေးပွဲလာ ဗြဟ္မာငါးဦး

- သုဗြဟ္မာမည်သောဗြဟ္မာ
- ပရမတ္ထ (ပရမတ္တ) မည်သောဗြဟ္မာ
- သနက်ုမာရဗြဟ္မာ
- တိဿဗြဟ္မာ
- ဟာရိတဗြဟ္မာ။ (ဒီ၊၂။မြန်။၂၃၅။) (၂-မှတ်စီ)

၈။ စစ်ပွဲနိုင်၍ ဖြစ်သော နှစ်သက်ဝမ်းမြောက်ခြင်းနှင့် တရားနာရာမှ ရသော နှစ်သက်ဝမ်းမြောက်ခြင်း နှစ်ခုတို့၏ ထူးခြားဟန်ကို ရှင်းပြခဲ့ပါ။

ဖြေ။ နှစ်သက်ဝမ်းမြောက်ခြင်းထူးခြားချက်

နတ်နှင့်အသုရာတို့ စစ်ပွဲဖြစ်သောအခါ နတ်တို့က နိုင်၍အသုရာတို့ ရှုံးကြပါ၏။ ထို့ကြောင့် နတ်တို့အား "ယခုအခါ နတ်တို့၏ အစာအာဟာရ အသုရာတို့၏ အစာအာဟာရဟူ၍ ရှိရာ ဤနှစ်မျိုးစလုံးကို

နတ်တို့ချည်းသာ သုံးဆောင်ကြရကုန်လတ္တံ့"ဟု နှစ်သက်ဝမ်းမြောက်ခြင်းဖြစ်ပါ၏။ ထိုနှစ်သက်ဝမ်းမြောက်ခြင်းမျိုးကို ရခြင်းသည် တုတ် ဓား လက်နက် ကိုင်ဆောင်ရသော ချမ်းသာမျိုးဖြစ်၏၊ ငြိမ်းငွေ့ရန်အလို့ငှာ၊ တပ်မက်ခြင်းကင်းရန် အလို့ငှာ, ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှာ, ရာဂစသည် ငြိမ်းရန်အလို့ငှာ, ထူးသောဉာဏ်ဖြင့် သိရန်အလို့ငှာ, သစ္စာလေးပါးကို သိရန်အလို့ငှာ, နိဗ္ဗာန်ကို မျက်မှောက်ပြုရန်အလို့ငှာ မဖြစ်ပါ။

မြတ်စွာဘုရား၏ တရားတော်ကို နာကြားရ၍ နှစ်သက်ခြင်း ဝမ်းမြောက်ခြင်းမျိုးကို ရခြင်းသည် ရှိပါ၏။ ထိုနှစ်သက်ခြင်း ဝမ်းမြောက်ခြင်းကို ရခြင်းသည်သာ တုတ်, ဓား, လက်နက်မကိုင်ဆောင်ရသော ချမ်းသာခြင်းမျိုးဖြစ်ပါ၏။ စင်စစ်ငြိမ်းငွေ့ရန်အလို့ငှာ, တပ်မက်ခြင်းကင်းရန် အလို့ငှာ, ဝဋ်ဆင်းရဲချုပ်ရန်အလို့ငှာ, ရာဂစသည် ငြိမ်းရန်အလို့ငှာ ထူးသော ဉာဏ်ဖြင့် သိရန်အလို့ငှာ, သစ္စာလေးပါးကိုသိရန် အလို့ငှာ, နိဗ္ဗာန်ကို မျက်မှောက်ပြုရန် အလို့ငှာ ဖြစ်ပါသည်။ ဤသို့ထူးပါသည်။ (ဒီ၊၂။မြန်။၂၅၅။) (၅+၅) မှတ်

---

၉။ဇာတိနှင့် မရဏတို့၏ သဘောသွားကို ရှင်းပြခဲ့ပါ။

**ဇာတိ**

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းအစု၌ ရှေ့ဦးစွာဖြစ်ခြင်း၊ ပြည့်စုံစွာဖြစ်ခြင်း၊ (အမိဝမ်းတွင်း) ဥဒ္ဓံတွင်းသို့ သက်ဝင်ခြင်း၊ ကိုယ်ထင်ရှားဖြစ်ခြင်း၊ ခန္ဓာကိုယ်၏ ထင်ရှားဖြစ်ခြင်း၊ အာယတနတို့ကို ရခြင်းတည်း၊ ဤတရားသဘောကို ဇာတိဟု ခေါ်ဆိုပါသည်။

**မရဏ**

ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်းမှ ရွေ့လျောခြင်း၊ ရွေ့လျောသော အခြင်းအရာ ပျက်စီးခြင်း၊ ကွယ်ပျောက်ခြင်း၊ သက်ပြတ်သေဆုံးခြင်း၊ ကွယ်လွန်ခြင်း၊ ခန္ဓာတို့၏ ပျက်စီးခြင်း၊ ကိုယ်ကိုပစ်ချခြင်း၊ ဇီဝိတိန္ဒြေ၏ ပြတ်စဲခြင်းတည်း။ ဤတရားသဘောကို မရဏဟုခေါ်ဆိုပါသည်။ (၅-မှတ်စီ)

---

၁၀။ပါယာသိမင်းစား၏ မိစ္ဆာအယူကို ဖော်ပြ၍၊ အရှင်ကုမာရကဿပ၏ ဂုဏ်ရည်များကို တင်ပြခဲ့ပါ။

**ဖြေ။ပါယာသိမြို့စား၏ မိစ္ဆာအယူ**

ဤအကြောင်းကြောင့်လည်း တစ်ပါးသောလောကသည် မရှိ။ (သေ၍) တဖန်ဖြစ်ပေါ်သော သတ္တဝါတို့သည် မရှိကုန်၊ ကောင်းမှုကံ မကောင်းမှုကံတို့၏ အကျိုးဝိပါက်သည်မရှိဟု ယုတ်မာသော မိစ္ဆာအယူကို ယူထားသည်။

**ရှင်ကုမာရကဿပ၏ ထင်ရှားသောဂုဏ်ရည်များ**

- ပညာရှိခြင်း၊
- လိမ္မာခြင်း၊
- ထက်မြက်သော ဉာဏ်ရှိခြင်း၊
- အကြားအမြင် များခြင်း၊
- ဆန်းကြယ်သော တရားစကားကို ပြောတတ်ခြင်း၊
- ပြေပြစ်သော စကားပြောနိုင်ခြင်း၊

ဒေါက်တာခင်ခင်ရီ
ပရိယတ္တိဖောင်ဒေးရှင်း

# ရန်ကုန်မြို့
# ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော
# ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ
# **အုပ်စု (၂) သုတ္တန္တပိဋက**
# **မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ**

၁၃၇၈-ခုနှစ်၊ နယုန်လပြည့်ကျော် (၂) ရက်၊ (၂၂. ၆. ၂၀၁၆) ဗုဒ္ဓဟူးနေ့
ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

•••••••••••••••••••••••••••••••••••••••••••••

**၁-မေး။** မွေးကင်းစ ဘုရားအလောင်းတော်ကလေးသည် (က) လမ်းလျှောက်ကြည့်ရှုနိုင်သည်၊ (ခ) ကြုံးဝါးစကား ပြောဆိုနိုင်သည်ဟုဆိုလျှင် လက်ခံနိုင်နိုပါမည်လော? ရှင်းလင်း ဖြေဆိုပါ။

**ဖြေ။** ဖွားမြင်စဖြစ်သော ဘုရားလောင်းသည် ညီညာသော ခြေတို့ဖြင့်ရပ်၍ မြောက်သို့မျက်နှာမူကာ ခုနစ်ဖဝါး လှမ်းကြွတော်မူ၏။ ထိုစဉ်အခါ၌ ထီးဖြူတော်မိုးကာ လိုက်ပါလျက်ရှိ၏။ (ထိုဘုရားလောင်းသည်) အရပ်မျက်နှာအားလုံးကိုလည်း လှည့်လည်ကြည့်ရှုတော်မူ၏။

"ငါသည် လောက၌ အမြင့်ဆုံးဖြစ်၏။ ငါသည်လောက၌ အကြီးဆုံးဖြစ်၏။ ငါသည် လောက၌ အမြတ်ဆုံးဖြစ်၏၊ ဤဘဝသည် နောက်ဆုံးဘဝတည်း၊ တစ်ဖန်ဖြစ်မည့်ဘဝ ယခုမရှိတော့ပြီ"ဟု ခံ့ညားသော စကားကို မြွက်ဆိုတော်မူ၏။

ဤသို့လှည့်လည်ကြည့်ရှုခြင်း၊ ခံ့ညားစကား ပြောကြားခြင်းသည် ဘုရားလောင်းတို့၏ ဓမ္မတာဖြစ်သောကြောင့် အမှတ် ၁ မေးခွန်းပါ အဆိုကို လက်ခံနိုင်ပါသည်။ (၄+၄+၂) မှတ်

**၂-မေး။** ခံစားမှု "ဝေဒနာ"ကို အခြေခံ၍ ဆင့်ကဲဆင့်ကဲ ဖြစ်ပေါ်လာနိုင်သော အရာများကို ဖော်ပြပါ။

**ဖြေ။** - ခံစားမှု 'ဝေဒနာ'ကိုစွဲ တပ်မက်မှု 'တဏှာ'ဖြစ်၏၊

- တပ်မက်မှုကိုစွဲ၍ ရှာမှီးခြင်းဖြစ်၏၊
- ရှာမှီးခြင်းကိုစွဲ၍ ရခြင်းသည်ဖြစ်၏၊
- ရခြင်းကိုစွဲ၍ အသုံးချရန် စိတ်ပိုင်းဖြတ်ခြင်းသည် ဖြစ်၏၊
- စိတ်ပိုင်းဖြတ်ခြင်းကိုစွဲ၍ နှစ်သက်တပ်စွဲခြင်း 'ဆန္ဒရာဂ'ဖြစ်၏၊
- နှစ်သက်တပ်စွဲခြင်းကို စွဲ၍ 'ငါ့ဟာ'ဟု မြဲမြဲစွာ ဆုံးဖြတ်ခြင်းဖြစ်၏၊
- မြဲမြဲစွာဆုံးဖြတ်ခြင်းကိုစွဲ၍ သိမ်းပိုက်ခြင်းဖြစ်၏၊
- သိမ်းပိုက်ခြင်းကိုစွဲ၍ ဝန်တိုခြင်း ဖြစ်၏၊
- ဝန်တိုခြင်းကိုစွဲ၍ (ဥစ္စာကို) စောင့်ရှောက်ခြင်း ဖြစ်၏၊
- (ဥစ္စာကို) စောင့်ရှောက်ခြင်းဟူသော အကြောင်းကြောင့် တုတ် (ဒုတ်) ဆောင်ရခြင်း, လက်နက်ဆောင်ရခြင်း, ခိုက်ရန်ဖြစ်ခြင်း, ဆန့်ကျင်ခြင်း, ငြင်းခုံခြင်း, မခံသာအောင် ပြောဆိုခြင်း, ကုန်း (ဂုံး) တိုက်ခြင်း, မဟုတ်မမှန်ပြောဆိုခြင်းဟူသော ယုတ်မာသော အကုသိုလ်တရားများစွာတို့ ဖြစ်ကုန်၏။

(ကြောင်း+ကျိုးတစ်ပါးလျှင် ၁-မှတ်စီ) ပေါင်း ၁၀-မှတ်

၃-မေး။ ကမ္ဘာ့လူသားများ မှီတင်းနေထိုင်ရာ မဟာပထဝီမြေကြီး၏ တည်ရှိပုံ အဆင့်ဆင့်ကို မြေလျှင် လှုပ်ကြောင်းပြ ဗုဒ္ဓစာပေရှုထောင့်အရ တင်ပြ၍၊ မြတ်စွာဘုရား အလိုလား အနှစ်သက်ဆုံးသော ပူဇော်နည်းကိုလည်း ရေးသားဖော်ပြခဲ့ပါ။

ဖြေ။ ဤမဟာပထဝီမြေကြီးသည် ရေ၌ တည်၏၊ ရေသည် လေ၌ တည်၏၊ လေသည် ကောင်းကင် (လဟာပြင်အရပ်) ၌ တည်၏။

ပန်း, နံ့သာ, တူရိယာ, သီချင်းတို့ဖြင့် (အာမိသဖြင့်) ပူဇော်ခြင်းသည် မြတ်စွာဘုရားကို ပူဇော်သည် မမည်သေး။ ရဟန်းဖြစ်စေ, ရဟန်းမဖြစ်စေ, ဥပါသကာဖြစ်စေ, ဥပါသိကာဖြစ်စေ လောကုတ္တရာတရားနှင့်လျော်သော တရားကို ကျင့်လျက်နေ၏၊ လျော်သောအကျင့်ကို ကျင့်လျက်နေ၏။ တရားနှင့်လျော်စွာ ကျင့်လျက်နေ၏။ ထိုသူသည် အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် မြတ်စွာဘုရားကို အရိုအသေပြု, အလေးပြုသည်မည်၏။ မြတ်နိုး, ပူဇော်, ပ,သ သည်မည်၏။

ဤသို့ ဓမ္မဖြင့် ပူဇော်ခြင်းသည် မြတ်စွာဘုရား အလိုလား အနှစ်သက်ဆုံးသော ပူဇော်နည်းဖြစ်ပါသည်။

(၃+၆+၁) မှတ်

၄-မေး။ မြတ်စွာဘုရား ကုသိနာရုံ အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံဝင်မည့်အကြောင်းနှင့် စပ်ပြီး အရှင်အာနန္ဒာ ကန့်ကွက်လျှောက်ထားပုံ စကားရပ်ကို ဖော်ပြ၍၊ မဟာသုဒဿနစကြာမင်း နတ်ရွာစံခါနီး ဆင်းရဲဝေဒနာ ခံစားရပုံကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ။ “အသျှင်ဘုရား မြတ်စွာဘုရားသည် ကျေးတောကျသော မြို့လက်ဖြစ်သော ဤမြို့သိမ်မြို့ငယ်၌ ပရိနိဗ္ဗာန် ပြုတော်မမူပါလင့်။ အသျှင်ဘုရား တစ်ပါးသော စမ္ပာပြည်, ရာဇဂြိုဟ်ပြည်, သာဝတ္ထိပြည်, သာကေတမြို့, ကောသမ္ဗီပြည်, ဗာရာဏသီပြည်တို့သည် ရှိပါကုန်၏။ ထိုပြည်ကြီးတို့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပါ။ ထိုပြည်ကြီးတို့၌ မြတ်စွာဘုရားကို အလွန်ကြည်ညိုကုန်သော မင်းသူဌေး, ပုဏ္ဏားသူဌေး, သူကြွယ်သူဌေးတို့သည် များစွာရှိပါကုန်၏။ ထိုသူဌေးတို့သည် မြတ်စွာဘုရား၏ အလောင်းတော်ကို ပူဇော်ကြပါလိမ့်မည်”ဟု ရှင်အာနန္ဒာ လျှောက်၏။

မဟာသုဒဿနစကြာမင်း၏ သေဖို့ရန် ဖြစ်ပေါ်လာသော ဒုက္ခဝေဒနာသည် ဥပမာအားဖြင့် သူကြွယ်အားဖြစ်စေ, သူကြွယ်သားအားဖြစ်စေ နှစ်သက်ဖွယ်အစာကို စားပြီးသောအခါ ထမင်းဆီရစ်သလောက် (မအီမသာ ဖြစ်လောက်ရုံ) မျှသာ ဖြစ်ပေသည်။ (၅+၅) မှတ်

၅-မေး။ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်တော် ရှစ်ပါးအနက်မှ ခုနစ်ခုမြောက်ဂုဏ်တော်ကို ရှင်းလင်းဖွင့်ဆိုပါ။

ဖြေ။ မြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိတော်မူပါပေ၏။ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိတော်မူပါပေ၏။ ဤသို့ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိ၍ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိလျက် ဤနည်းဖြင့် လောကုတ္တရာတရားအားလျော်သော အကျင့်ကို ကျင့်သည့် ဂုဏ်ဖြစ်ပါသည်။ (၁၀-မှတ်)

၆-မေး။ ပရလောကသားများ ဣန္ဒသာလလိုဏ်ဂူသို့ လာရောက် ဘုရားဖူးသောအခါ ထိုလိုဏ်ဂူ၏ ထူးခြားသည့် အခြေအနေများကို ရှင်းပြ၍၊ ဣဿာ, မစ္ဆရိယ၏ ဖြစ်ကြောင်းတရားကိုလည်း ဖော်ပြပါ။

ဖြေ။ ဣန္ဒသာလလိုဏ်ဂူသည် မညီမညာ ဖြစ်ပါလျက် ညီညာလာ၏။ ကျဉ်းမြောင်းသည်ဖြစ်ပါလျက် ကျယ်ဝန်းလာ၏။ နတ်တို့၏ အရောင်ဖြင့် လိုဏ်ဂူအတွင်း၌ အမိုက်မှောင်ကွယ်ပျောက်၍ အလင်းရောင် ဖြစ်ပေါ်လာ၏။

ဣဿာမစ္ဆရိယ ဖြစ်ပေါ်ကြောင်းတရားကား ချစ်ခြင်း မုန်းခြင်းဖြစ်ပါသည်။

၇-မေး။ ကမ္ဘာ့ရန်ဖက်များ ဖြစ်ကြသည့် နဂါးနှင့် ဂဠုန်တို့သည် မဟာဝုန်တော သံဃာ့အစည်းအဝေးသို့ ရောက်ရှိလာကြသောအခါ မည်သို့ ပြုမူဆက်ဆံကြသနည်း ဖော်ပြ၍၊ ဂဠုန်သတ္တဝါ၏ အနေအထား စွမ်းပကားတို့ကို မဟာသမယသုတ်အဆိုအတိုင်း တင်ပြပါ။

ဖြေ။ နဂါးနှင့်ဂဠုန်တို့သည် သိမ်မွေ့သောစကားတို့ ခေါ်ဝေါ်ပြောဆိုလျက် မြတ်စွာဘုရားကို ကိုးကွယ်ဆည်းကပ်ကြသည်။

ဂဠုန်တို့သည် နဂါးမင်းတို့ကို အနိုင်ထက်ပြု၍ဖမ်းယူနိုင်ကုန်၏။ နတ်ကဲ့သို့ အာနုဘော်ရှိကုန်၏။ အမိဝမ်းမှ တစ်ကြိမ်၊ ဥခွံအတွင်းမှ တစ်ကြိမ်အားဖြင့် နှစ်ကြိမ်မွေးဖွားရကုန်၏။ အတောင်ရှိကုန်၏။ စင်ကြယ်သော မျက်စိအမြင်ရှိကုန်၏။ စိတြသုပဏ္ဏအမည်ရှိကုန်၏။ ထိုဂဠုန်တို့သည် ကောင်းကင်ခရီးဖြင့် တောအုပ်အလယ်သို့ ရောက်လာကြကုန်၏။ (၄+၆) မှတ်

၈-မေး။ ဝိပဿနာတရား အားထုတ်မည့် ယောဂီပုဂ္ဂိုလ်အတွက် နေရာအရပ်နှင့် ကိုယ်ခန္ဓာအနေအထားကို မြတ်ဗုဒ္ဓ မည်သို့ ညွှန်ကြားထားပါသနည်း ဖြေဆို၍၊ သမ္ပဇာနပဗ္ဗ (သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်မှုအပိုင်း) လာ ဝိပဿနာရှုမှတ်နည်းကိုလည်း ဖော်ပြပါ။

ဖြေ။

### တရားရှုမှတ်ရန်သင့်လျော်သည့်နေရာ

တောအရပ်၊ သစ်ပင်ရင်း၊ ဆိတ်ငြိမ်နေရာ

### သင့်လျော်သော ဣရိယာပုထ်

အထက်ပိုင်း ခန္ဓာကိုယ်ကို ဖြောင့်ဖြောင့်ထားလျက် တင်ပလ္လင်ခွေထိုင်၍ ရှုမှတ်ရန်။

### သတိသမ္ပဇဉ်ပိုင်း ရှုမှတ်ပုံ

ရှေ့သို့ တိုးရာ, နောက်သို့ဆုတ်ရာ၌ တူရူ (တည့်တည့်) ကြည့်ရာ, တစောင်းကြည့်ရာ၌ ကွေးရာ, ဆန့်ရာ၌ ဒုကုဋ်, သပိတ်, သင်္ကန်းကို ဆောင်ရာ၌ စားရာ, သောက်ရာ, ခဲရာ, လျက်ရာ၌ ကျင်ကြီး, ကျင်ငယ်စွန့်ရာ၌ သွားရာ, ရပ်ရာ, ထိုင်ရာ, အိပ်ရာ, နိုးရာ, ပြောရာ, ဆိတ်ဆိတ်နေရာအားလုံးတို့၌ ရှုမှတ်မှုအသိဖြင့် ပြုရမည်။

(၂+၂+၆) မှတ်

၉-မေး။ နည်းစနစ်ပိုင်း မှန်ကန်စွာဖြင့် ဝိပဿနာတရားကို ကြိုးစား ရှုမှတ်ပါက တရားထူးရနိုင်မည့် အချိန်ကာလ ပမာဏကို သတ်မှတ်ပြဆို၍၊ ပါယာသိမြို့စား၏ မိစ္ဆာအယူသည် မိစ္ဆာဒိဋ္ဌိသုံးမျိုးတွင် မည်သည့် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသနည်း? ကိုယ်ပိုင်အတွေးဖြင့် ဆွေးနွေးပါ။

ဖြေ။ တရားထူးရနိုင်သည့် အချိန်ပမာဏ

အလွန်ဆုံး ၇-နှစ်၊ အနည်းဆုံး ၇-ရက်။

ပါယာသိမြို့စားယူသော မိစ္ဆာအယူမှာ မိစ္ဆာဒိဋ္ဌိသုံးပါးတွင် နတ္ထိကဒိဋ္ဌိဖြစ်ပါသည်။ ၎င်းသည် တမလွန်လောက မရှိ၊ သေပြီးတစ်ဖန် ဖြစ်လာရမည့်သတ္တဝါ မရှိ၊ ကုသိုလ် အကုသိုလ်ကံတို့၏ အကျိုးဝိပါက်မရှိဟု မရှိဝါဒကို စွဲကိုင်ထားသူဖြစ်သောကြောင့်တည်း။

**၁၀-မေး။** နတ်တို့သည် လူတို့၏ ကိုယ်နံ့ကို မည်မျှလောက်သော အကွာအဝေးမှ သိရှိကြသနည်း ဖော်ပြ၍၊ ပါယာသိမြို့စား ကွယ်လွန်ပြီးနောက် မည်သည့်ဘုံသို့ ရောက်သနည်း? အကြောင်းပြချက်ဖြင့် ဖြေဆိုပါ။

**ဖြေ။** နတ်တို့သည် လူတို့၏ အနံ့ကို ယူဇနာတစ်ရာ ဝေးကွာသောအရပ်မှ သိရှိကြသည်။

ပါယာသိမြို့စား သေပြီးနောက် (ပရိသတ်ကင်းမဲ့သော သေရီသကဗိမာန်) စတုမဟာရာဇ်နတ်ဘုံသို့ ရောက်ရသည်။ သူသည် အရိုအသေမပြုမူ၍ အလှူကို လှူခဲ့ခြင်း မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခဲ့ခြင်း အလေးအမြတ်မပြုမူ၍ အလှူကို လှူခဲ့ခြင်း၊ ပစ်ပစ်ခါခါကဲ့သို့ပြု၍ အလှူကို လှူခဲ့ခြင်းတို့ကြောင့် ဖြစ်သည်။

(၄+၆) မှတ်

ရန်ကုန်မြို့

ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) သုတ္တန္တပိဋက

## မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်းနှင့် အဖြေ

၁၃၇၉-ခုနှစ်၊ နယုန်လပြည့်ကျော် (၄) ရက်၊ (၁၃. ၆. ၂၀၁၇) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄- နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**၁-မေး။** ရေသဖန်းပင်ရင်း၌ ပွင့်တော်မူသော မြတ်စွာဘုရား၏ အောက်ပါ အချက်များကို ဖော်ပြပါ။

(က) ဘွဲ့တော်၊ (ခ) ပွင့်ရာကမ္ဘာ၊ (ဂ) အမျိုး၊ (ဃ) အနွယ်၊ (င) သက်တမ်း၊ (စ) အဂ္ဂသာဝကအစုံ၊ (ဆ) အလုပ်အကျွေးရဟန်း၊ (ဇ) မယ်တော်၊ (ဈ) ခမည်းတော်၊

**ဖြေ။** (က) ကောဏာဂုမ်၊ (ခ) ဘဒ္ဒ၊ (ဂ) ပုဏ္ဏားမျိုး၊ (ဃ) ကဿပအနွယ်၊ (င) သုံးသောင်း၊ (စ) ဘိယျောသုတ္တရ၊ (ဆ) သောတ္ထိဇ ရဟန်း၊ (ဇ) ယညဒတ္တပုဏ္ဏား၊ (ဈ) ဥတ္တရာပုဏ္ဏေးမ။ (၁-မှတ်စီ၊ ၁၀-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**၂-မေး။** ဝိပဿီ ဘုရားရှင် ထိုးထွင်းသိအပ်သော တရားတော်၏ ဂုဏ်အရည်ချင်းတို့ကို ပြဆို၍၊ ဥက္ကဋ္ဌမြို့အနီး သုဘဂတော အင်ကြင်းပင်ကြီးအောက်၌ ထိုဘုရားရှင် အကြံဖြစ်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

**ဖြေ။** နက်နဲ၏၊ မြင်နိုင်ခဲ၏၊ သိနိုင်ခဲ၏၊ ငြိမ်းအေး၏၊ မွန်မြတ်၏၊ သိမ်မွေ့၏၊ ကြံစည်ခြင်းဖြင့် မရောက်နိုင် ပညာရှိတို့သာ သိနိုင်၏။ (၆-မှတ်)

ရှည်လျားလှစွာသော ဤ သံသရာ ကာလအတွင်း၌ သုဒ္ဓါဝါသဗြဟ္မာဘုံမှ တပါး ငါမနေဘူး (မဖြစ်ဘူး)သော ဘုံကား ရှိရန်ခဲယဉ်း၏၊ ငါသည် သုဒ္ဓါဝါသ ဗြဟ္မာဘုံသို့ ချဉ်းကပ်ရမူ ကောင်းလေစွာဟု အကြံဖြစ်၏။ (၄-မှတ်)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

**၃-မေး။** ဝေသာလီပြည် အမ္ဗပါလိသရက်ဥယျာဉ်၌ မြတ်စွာဘုရား သီတင်းသုံးတော်မူစဉ် ရဟန်းတော်တို့အား အကြိမ်များစွာ ဟောကြားခဲ့သောတရားနှင့် အာယုသင်္ခါရလွှတ်အပြီး ကျူးရင့်သော ဥဒါန်းစကားတို့ကိုလည်း ဖြေဆိုပါ။

**ဖြေ။** ဤကား သီလတည်း၊ ဤကား သမာဓိတည်း၊ ဤကား ပညာတည်း၊ သီလ၌တည်၍ ဖြစ်စေအပ်သော သမာဓိသည် များသောအကျိုး 'အာနိသင်'ရှိ၏၊ သမာဓိ၌တည်၍ ဖြစ်စေအပ်သော ပညာသည် များသောအကျိုး 'အာနိသင်'ရှိ၏၊ ပညာ၌တည်၍ ဖြစ်စေအပ်သော စိတ်သည် ကာမာသဝ ဘဝါသဝ အဝိဇ္ဇာသဝ ဟူသော အာသဝေါတို့မှ ကောင်းစွာသာလျှင် လွတ်မြောက်၏ဟု ဟောတော်မူ၏။(၅-မှတ်)

မြတ်စွာဘုရားသည် အတုမဲ့ နိဗ္ဗာန်နှင့် အဖန်ဖန် ဖြစ်မှု ဘဝကိုနှိုင်းချိန်လျက် ဘဝဖြစ်ရန် ပြုပြင်တတ်သော ကံကို စွန့်ပယ်ခဲ့လေပြီ၊ အဇ္ဈတ္တတရား၌ မွေ့လျော်ကာ ကောင်းစွာတည်ကြည်သော စိတ်ရှိသည်ဖြစ်၍ ချပ်ဝတ်နှင့်တူသော မိမိသန္တာန်ရှိ ကိလေသာကွန်ယက်ကို ဖျက်ဆီးခဲ့လေပြီဟု ကျူးရင့်တော်မူ၏။(၅-မှတ်)

၄-မေး။ ရဟန်းတော်တို့အတွက် (ဒုတိယ) မဆုတ်ယုတ်ကြောင်းတရား ၇-ပါးကို ဖော်ပြ၍၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီးနောက် အရှင်အာနန္ဒာ၏ နောက်ဆုံးပူဇော်သော စကားရပ်ကိုလည်း ပြဆိုပါ။

ဖြေ။ ကိစ္စကြီးငယ်၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေကြခြင်း၊ စကားစမြည်ပြောဆိုခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ အိပ်စက်မှု၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ အပေါင်းအဖော်တို့နှင့် စုရုံးနေထိုင်ခြင်း၌ မွေ့လျော်ပျော်ပိုက် လုံ့လစိုက်၍ မနေခြင်း၊ (မရှိသော ဂုဏ်ကိုဖော်ပြတတ်သော) အလိုဆိုးမှ ကင်းကုန်လျက် အလိုဆိုးတို့၏ ဆွဲဆောင်ရာသို့ မလိုက်ခြင်း၊ ယုတ်ညံ့သော အဆွေခင်ပွန်း အပေါင်းအဖော် မရှိမူ၍ ယုတ်ညံ့သော သူတို့၌ စိတ်မညွတ်ခြင်း၊ အနည်းငယ်သော တရားထူးကို ရရုံမျှဖြင့် (အရဟတ္တဖိုလ်သို့ မရောက်မှီ) လမ်းခုလပ်၌ ရပ်စဲ၍ မနေခြင်း။ (၆-မှတ်)

မွန်မြတ်သော ဂုဏ်တော်အားလုံးတို့နှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူလတ်သော် ထိုအခိုက်ဝယ် ကြောက်မက်ဖွယ် (မြေလှုပ်ခြင်း) သည် ဖြစ်လေပြီတကား၊ ကြက်သီးမွေးညှင်းထဖွယ် (မြေလှုပ်ခြင်း)သည် ဖြစ်လေပြီတကားဟု ရွတ်ဆို၏။ (၄-မှတ်)

••••••••••••••••••••••••••••••••••••••

၅-မေး။ မဟာသုဒဿနမင်းကြီးသည် ရေကန်ဘေး၌ အလှူပြုလုပ်ရန် အကြံဖြစ်ပေါ်ပုံကိုရေး၍၊ ထိုမင်းကြီး၏ မိဖုရားအမည်, မြို့တော်အမည်တို့ကိုလည်း ဖော်ပြပါ။

ဖြေ။ ငါသည် ဤလေးထောင့်ကန်တို့၏ ကမ်း၌ ထမင်းအလိုရှိသော သူအား ထမင်းအလှူကို အဖျော်အလိုရှိသော သူအား အဖျော်အလှူကို အဝတ်အလိုရှိသောသူအား အဝတ်အလှူကို ယာဉ်အလိုရှိသောသူအား ယာဉ်အလှူကို အိပ်ရာအလိုရှိသောသူအား အိပ်ရာအလှူကို မိန်းမအလိုရှိသောသူအား မိန်းမအလှူကို ငွေအလိုရှိသောသူအား ငွေအလှူကို ရွှေအလိုရှိသောသူအား ရွှေအလှူကို ပေးလှူစေရမူ ကောင်းလေစွဟု အကြံဖြစ်ပြန်၏။ (၆-မှတ်)

မိဖုရားအမည် သုဘဒ္ဒါ၊ မြို့တော်အမည် ကုသာဝတီ။ (၄-မှတ်)

••••••••••••••••••••••••••••••••••••••

၆-မေး။ ကွယ်လွန် စုတေသွားကြသော နာတိကရွာသား ငါးကျိပ်ကျော်နှင့် ငါးရာကျော်တို့၏ ရောက်ရာဘုံကို မြတ်စွာဘုရား မိန့်တော်မူသည့်အတိုင်း ဖြေဆိုပါ။

ဖြေ။ ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ငါးကျိပ်ကျော်တို့သည် အောက် (ကာမဘုံ)၌ ပဋိသန္ဓေနေခြင်း မဖို့ရှိသည်ဖြစ်၍ ငါးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့တို့၏ အကြွင်းမဲ့ ကုန်ခြင်းကြောင့် ဗြဟ္မာ့ဘုံ၌ ဥပပတ်ပဋိသန္ဓေနေပြီး ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသော အနာဂါမ်ပုဂ္ဂိုလ်များ ဖြစ်ကုန်၏။ (၅-မှတ်)

ကွယ်လွန်စုတေသွားကြသော နာတိကရွာသား အလုပ်အကျွေး ဥပါသကာ ကိုးကျိပ်ကျော်တို့သည် သုံးပါးသော သံယောဇဉ် 'အနှောင်အဖွဲ့'တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ ကျခြင်းသဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ပုဂ္ဂိုလ်များဖြစ်ကုန်၏ဟု ဖြေဆို ဟောကြားတော်မူ၏။ (၅-မှတ်)

•••••••••••••••••••••••••••••••••••••••••

၇-မေး။ မြတ်စွာဘုရား၏ ဟုတ်မှန်သော ဂုဏ်တော်ရှစ်ပါးတို့မှ လေးခုမြောက်, ခုနစ်ခုမြောက် ဂုဏ်တော်တို့ကိုသာ ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကောင်းစွာဖော်ပြတော်မူပါပေ၏၊ နိဗ္ဗာန်နှင့်အကျင့်သည် နီးနှောဆက်စပ်လျက် ရှိပါပေ၏။ ဥပမာအားဖြင့် ဂင်္ဂါမြစ်ရေသည် ယမုနာမြစ်ရေနှင့် နီးနှောဆက်စပ်လျက် တပေါင်းတည်း ဖြစ်သကဲ့သို့ ဤအတူပင် ထိုမြတ်စွာဘုရားသည် တပည့်တို့အား နိဗ္ဗာန်သို့ ရောက်ကြောင်းအကျင့်ကို ကောင်းစွာ ဖော်ပြတော်မူပါပေ၏။ နိဗ္ဗာန်နှင့်အကျင့်သည် နီးနှောဆက်စပ်လျက် ရှိပါပေ၏။ ဤသို့နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ကို ဟောကြားတော်မူသည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့မတွေ့မြင်ရကုန်။ (၆-မှတ်)

ကိုမြတ်စွာဘုရားသည် ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိတော်မူပါပေ၏၊ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ရှိပါပေ၏။ ဤသို့ ဟောပြောသည့်အတိုင်း ပြုကျင့်လေ့ရှိ၍ ပြုကျင့်သည့်အတိုင်း ဟောပြောလေ့ ရှိလျက် ဤသို့ (လောကုတ္တရာ) တရားအားလျော်သော အကျင့်ကိုကျင့်သည့် ဤအင်္ဂါနှင့် ပြည့်စုံသော ဆရာကို ရှေးကလည်း ငါတို့မတွေ့မြင်ရကုန်၊ ယခုလည်း ထိုမြတ်စွာဘုရားမှတပါး ငါတို့ မတွေ့ရကုန်၏။

(၄-မှတ်)

•••••••••••••••••••••••••••••••••••••••••

၈-မေး။ ဝေဒနာကမ္မဋ္ဌာန်းလာ သောမနဿ ၂-မျိုးကို သိသာအောင်ပြဆို၍၊ သိကြားမင်း၏ သောမနဿကို ချီးကျူးရခြင်း အကြောင်းတို့တွင် ရှေ့သုံးမျိုးကိုသာ ဖြေဆိုပါ။

ဖြေ။ ဤဝမ်းမြောက်ခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ တိုးပွား၍ ကုသိုလ်တရားတို့ ဆုတ်ယုတ်ကုန်၏ဟု အကြင်ဝမ်းမြောက်ခြင်းကို သိပြီးအံ့၊ ဤသို့ သဘောရှိသော ဝမ်းမြောက်ခြင်းကို မမှီဝဲအပ်။

ထို(နှစ်ပါးသော ဝမ်းမြောက်ခြင်း သောမနဿ)တို့တွင် "ဤဝမ်းမြောက်ခြင်းကို မှီဝဲသောငါ့အား အကုသိုလ်တရားတို့ ဆုတ်ယုတ်၍ ကုသိုပ်ပဟရားတို့ တိုးပွားကုန်၏ဟု အကြင်ဝမ်းမြောက်ခြင်းကို သိပြီးအံ့၊ ဤသို့သဘောရှိသော ဝမ်းမြောက်ခြင်းကို မှီဝဲအပ်၏။ (၄-မှတ်)

(၁) အသျှင်ဘုရား အကျွန်ုပ်သည် နတ်ဘုံမှ စုတေ၍ နတ်အသက်ကို စွန့်ပြီးလျှင် မတွေမဝေ သတိရှိလျက် အကျွန်ုပ်၏ စိတ်မွေ့လျော်ရာဘုံ၌ ပဋိသန္ဓေနေခြင်းသို့ ရောက်ရပါအံ့။ (၂-မှတ်)

(၂) အသျှင်ဘုရား ယုံမှားတွေဝေခြင်းကင်းသည်ဖြစ်၍ သာသနာတော်၌ မွေ့လျော်စွာနေသော ထိုအကျွန်ုပ်သည် သတိသမ္ပဇဉ်နှင့် ယှဉ်လျက် အရိယာအဖြစ်နှင့်လျော်စွာ နေရပါလတ္တံ့။ (၂-မှတ်)

(၃) အသျှင်ဘုရား အရိယာအဖြစ်နှင့် သင့်လျော်လျောက်ပတ်စွာ ကျင့်ဆောင်နေထိုင်သော အကျွန်ုပ်အား အကယ်၍ သကဒါဂါမိမဂ်ဉာဏ်သည်ဖြစ်အံ့၊ (အထက်မဂ်ကို) သိလိုသည်ဖြစ်၍ နေပါအံ့၊ ထိုဘဝသည်ပင် လူ့ပြည်၌ အဆုံးဘဝ ဖြစ်ပါလတ္တံ့။ (၂-မှတ်)

••••••••••••••••••••••••••••••••••••••••

၉-မေး။ “ဇရာကစကားပြောလာပြီ”ဟူ၍လည်းကောင်း၊ “သောကတွေများလိုက်တာ”ဟူ၍လည်းကောင်း ပြောဆိုနေကြရာ ဇရာနှင့် သောကတရားတို့ကို ရှင်းလင်းဖြေဆိုပါ။

ဖြေ။ ထိုထိုသတ္တဝါတို့၏ ထိုထိုသတ္တဝါအပေါင်း၌ အိုခြင်း အိုသောအခြင်းအရာ သွားကျိုးခြင်း ဆံဖြူခြင်း အရေတွန့်ရှုံ့ခြင်း ရုပ်အသက် ဆုတ်ယုတ်ခြင်း (မျက်စိစသော) ဣန္ဒြေတို့၏ ရင့်ခြင်းတည်း။ (၅-မှတ်)

ရဟန်းတို့ တမျိုးမျိုးသော ပျက်စီးခြင်းနှင့် မလွတ်ကင်းသော တမျိုးမျိုးသော ဆင်းရဲကြောင်းနှင့် တကွသော သတ္တဝါ၏ စိုးရိမ်ခြင်း စိုးရိမ်သော အခြင်းအရာ စိုးရိမ်သည်၏အဖြစ် အတွင်း၌ ပြင်းစွာစိုးရိမ်ခြင်းတည်း။ (၅-မှတ်)

••••••••••••••••••••••••••••••••••••••••

၁၀-မေး။ လူတို့အား မိန့်ကြားပေးရန် အရှင်ဂဝံပတိမထေရ်အား ပါယာသိနတ်သား၏ မှာတမ်းကိုရှင်းလင်း ဖြေဆိုခဲ့ပါ။

ဖြေ။ အရှိအသေပြု၍ အလှူကို လှူကုန်လော့၊ မိမိလက်ဖြင့် အလှူကို လှူကုန်လော့၊ အလေးအမြတ်ပြု၍ အလှူကို လှူကုန်လော့၊ ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူကုန်လော့၊ ပါယာသိမြို့စားသည် အရှိအသေမပြုမူ၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူခြင်းကြောင့် အလေးအမြတ် မပြုမူ၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ပြု၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ပရိသတ်ကင်းမဲ့သော သေရီသက ဗိမာန်ဝယ် စတုမဟာရာဇ်နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏၊ ထိုပါယာသိမြို့စား၏ အလှူ၌ အုပ်ချုပ်စီမံသော ဥတ္တရလုလင်သည်ကား အရှိအသေပြု၍ အလှူကို လှူခြင်းကြောင့် မိမိလက်ဖြင့် အလှူကို လှူခြင်းကြောင့် အလေးအမြတ်ပြု၍ အလှူကို လှူခြင်းကြောင့် ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူခြင်းကြောင့် ခန္ဓာကိုယ် ပျက်စီး၍ သေပြီးသည်မှ နောက်၌ ကောင်းသော လားရာ နတ်ပြည်ဝယ် တာဝတိံသာ နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏ဟု မိန့်ကြားတော်မူပါလော့ဟု လျှောက်၏။ (၁၀-မှတ်)

ရန်ကုန်မြို့
ဒေါက်တာ ခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော
ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

# အုပ်စု (၂) သုတ္တန္တပိဋက
# မဟာဝဂ္ဂ ပါဠိတော် မြန်မာပြန် မေးခွန်း+အဖြေလွှာ

၁၃၈၀-ခုနှစ်၊ ပထမဝါဆိုလွှန်း (၇) ရက်၊ (၁၉.၆.၂၀၁၈) အင်္ဂါနေ့
ခွင့်ပြုချိန်။ ။၄-နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

+ + + + +

မေး ၁။ ဝိပဿီမင်းသား သာသနာ့ဘောင်သို့ ဝင်ရောက်မှုသတင်းကို ကြားရကုန်သူတို့၏ အကြံဖြစ်ပုံများကို ဖော်ပြ၍၊ ဝိပဿီဘုရားရှင် ပြတော်မူသည့် ပါတိမောက်တို့ကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ၁။ အကြံ ဖြစ်ပုံများ

ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်လျက် ဝိပဿီမင်းသားကျင့်သုံးသော ထိုတရားနှင့်ဝိနည်းသည် မယုတ်ညံ့သည်သာ စင်စစ် ဖြစ်လတ္တံ့၊ ထိုရဟန်းအဖြစ်သည် မယုတ်ညံ့သည်သာ စင်စစ် ဖြစ်လတ္တံ့၊ ဝိပဿီမင်းသားသော်မှ ဆံမုတ်ဆိတ်တို့ကို ပယ်ပြီးလျှင် ဖန်ရည်ဆိုးအဝတ်တို့ကို ဝတ်ရုံ၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်နိုင်သေး၏၊ ငါတို့ကား အဘယ်မှာ မဝင်နိုင်ဘဲ ရှိပါအံ့နည်း-ဟု အကြံဖြစ်ကုန်၏။ (မြန်မာပြန်၊ စာမျက်နှာ - ၂၆၊ စာပိုဒ်ရေ - ၅၅။)

ဝိပဿီဘုရားရှင် ပြတော်မူသည့် ပါတိမောက်

သည်းခံခြင်း - ခန္တီတရားသည် မြတ်သော အကျင့်ပေတည်း၊ မြတ်စွာဘုရားတို့သည် နိဗ္ဗာန်ကို အမြတ်ဆုံးဟု မိန့်ဆိုကြကုန်၏၊ ရဟန်းမည်သည် သူတစ်ပါးကို မညှဉ်းဆဲ၊ သူတစ်ပါးကို ညှင်းဆဲသော သူသည်လည်း ရဟန်းမဟုတ်။

အလုံးစုံသော မကောင်းမှုကို မပြုခြင်း၊ ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း ဤသုံးပါးသည် ဘုရားရှင်တို့၏ အဆုံးအမပေတည်း။

မစွပ်စွဲခြင်း၊ မညှဉ်းဆဲခြင်း၊ ပါတိမောက်သီလကို စောင့်စည်းခြင်း၊ အစားအစာ၌ အတိုင်းအရှည်ကို သိခြင်း၊ လူသူမနီးသော တောကျောင်း၌ နေခြင်း၊ လွန်မြတ်သော စိတ်သမာဓိလုပ်ငန်း၌ အားထုတ်ခြင်း၊ ဤခြောက်ပါးသည်လည်း ဘုရားရှင်တို့၏ အဆုံးအမပေတည်း။ (မြန်မာပြန်၊ စာမျက်နှာ-၄၅/၆၊ စာပိုဒ်ရေ-၉၀။)

မေး ၂။ ဝိညာဏ်တို့၏ တည်ရာ ခုနစ်ပါးတို့ကို အရကောက်ပုဂ္ဂိုလ်များနှင့်တကွ တွဲစပ် ဖော်ပြခဲ့ပါ။

ဖြေ ၂။ ဝိညာဏ်တို့၏ တည်ရာ ခုနစ်ပါး

(၁) ကိုယ်သဏ္ဍာန်ချင်း ကွဲပြား၍ မဋိသန္ဓေသညာချင်းလည်း ကွဲပြားကုန်သော သတ္တဝါ၊

အရကား - အချို့သောနတ်၊ အချို့သော ဝိနိပါတိက၊ အချို့သော လူတို့ ဖြစ်ပါသည်။

(၂) ကိုယ်သဏ္ဍာန်ချင်း ကွဲပြား၍ မဋိသန္ဓေသညာချင်း တူကုန်သော သတ္တဝါ၊

အရကား - ပဌမဈာန်ဘုံ၌ ဖြစ်သော ဗြဟ္မာတို့တည်း။

(၃) ကိုယ်သဏ္ဍာန်ချင်း တူ၍ ပဋိသန္ဓေသညာ ကွဲပြားကုန်သော သတ္တဝါ၊

အရကား - အာဘဿရာဘုံ၌ ဖြစ်သော ဗြဟ္မာတို့တည်း။

(၄) ကိုယ်သဏ္ဍာန်ချင်း တူ၍ ပဋိသန္ဓေသညာချင်းလည်း တူကုန်သော သတ္တဝါ၊

အရကား - သုဘကိဏှာဘုံ၌ ဖြစ်သော ဗြဟ္မာတို့တည်း။

(၅) ရူပသညာတို့ကို လုံးဝလွန်မြောက်ခြင်း၊ ပဋိဃသညာတို့၏ လုံးဝချုပ်ခြင်း၊ နာနတ္တသညာတို့ကို လုံးဝ နှလုံးမသွင်းခြင်းကြောင့် ကောင်းကင်သည် အဆုံးမရှိ-ဟု နှလုံးသွင်းသော သတ္တဝါ၊

အရကား - အာကာသာနဉ္စာယတနဘုံသို့ရောက်သော ဗြဟ္မာတို့တည်း။

(၆) အာကာသာနဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ ဝိညာဉ်သည် အဆုံးမရှိ-ဟု နှလုံးသွင်းသော သတ္တဝါ၊

အရကား - ဝိညာဏဉ္စာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့တည်း။

(၇) ဝိညာဏဉ္စာယတနဈာန်ကို လုံးဝ လွန်မြောက်၍ တစ်စုံတစ်ခုမျှ မရှိ-ဟု နှလုံးသွင်းသော သတ္တဝါ၊

အရကား - အာကိဉ္စညာယတနဘုံသို့ ရောက်သော ဗြဟ္မာတို့တည်း။

(မြန်မာပြန်၊ စာမျက်နှာ-၆၇/၈၊ စာပိုဒ်ရေ-၁၂၇။)

မေး ၃။ ကိုယ်ကျင့်သီလပျက်သူတို့ ခံစားရမည့်အပြစ်များကို ဖော်ပြ၍၊ ပါဋလိပုတ်မြို့ကို တည်သူတို့၏ အမည်များ၊ ရည်ရွယ်ချက်နှင့် ပျက်စီးနိုင်ခြင်းအကြောင်းများကိုလည်း ဖော်ပြခဲ့ပါ။

ဖြေ ၃။ ကိုယ်ကျင့်သီလပျက်သူတို့ ခံစားရမည့် အပြစ်များ

(၁) ကိုယ်ကျင့်သီလပျက်သော သူတို့သည် မေ့လျော့ခြင်းကြောင့် များစွာသော စည်းစိမ် ဆုံးရှုံးခြင်းသို့ ရောက်ရ၏။

(၂) မကောင်းသော ကျော်စောသတင်းသည် ပြန့်နှံ့၍ ထွက်၏။

(၃) မင်းပရိသတ်၊ ရဟန်းပရိသတ်၊ ပုဏ္ဏားပရိသတ်၊ သူကြွယ်ပရိသတ် အလယ်သို့ ချဉ်းကပ်ခဲ့သော် ကြောက်ကြောက်ရွံ့ရွံ့ မျက်နှာညှိုးငယ်လျက် ချဉ်းကပ်ရ၏။

(၄) တွေတွေဝေဝေ ဖြစ်လျက် သေရ၏။

(၅) ခန္ဓာကိုယ်ပျက်စီး၍ သေပြီးသည်မှ နောက်၌ မကောင်းသောလားရာ၊ ပျက်စီး၍ ကျရောက်ရာ ငရဲ၌ ဖြစ်ရ၏။ (မြန်မာပြန်၊ စာမျက်နှာ - ၈၄၊ စာပိုဒ်ရေ - ၁၄၉။)

ပါဋလိပုတ်မြို့တည်ထောင်သူတို့ကား

သုနိဓအမတ်နှင့် ဝဿကာရပုဏ္ဏားတို့တည်း၊

ရည်ရွယ်ချက်ကား

ဝဇ္ဇီမင်းတို့ကို တားဆီးပိတ်ဆိုရန် ဖြစ်သည်။

ပျက်စီးနိုင်ခြင်း အကြောင်းတို့ကား

(၁) မီးကြောင်း ပျက်စီးနိုင်၏၊

(၂) ရေကြောင့် ပျက်စီးနိုင်၏။

(၃) အချင်းချင်း ကွဲပြားမှုကြောင့် ပျက်စီးနိုင်၏။

(မြန်မာပြန်၊ စာမျက်နှာ - ၈၆၊ စာပိုဒ်ရေ - ၁၅၂။)

မေး ၄။ "သံဝေဇနိယ၊ လေးဌာန၊ ရောက်ရ လူတိုင်းသည်။ အပါယ်လေးဝ၊ မလားရ၊ ရောက်ရ ထက်နတ်ပြည်"ဟူသော စကားနှင့် ညီစေရန် အဘယ်သို့ စိတ်ထားရမည်ကို ဖြေဆို၍၊ စကြာမင်း၏ အံ့ဖွယ် ဂုဏ်လေးပါးတို့ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

ဖြေ ၄။ စိတ်ထားရပုံ

သံဝေဇနိယ လေးဌာနတို့ကို ဖူးမြော်ရန် လှည့်လည်သွားလာကြကုန်သော ပရိသတ် လေးပါး တို့သည်-

(၁) ဤလုမ္ဗိနီဌာန၌ မြတ်စွာဘုရား ဖွားမြင်တော်မူ၏။

(၂) ဤမဟာဗောဓိဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော သမ္မာသမ္ဗောဓိဉာဏ်ကို ရတော်မူ၏။

(၃) ဤမိဂဒါဝုန်ဌာန၌ မြတ်စွာဘုရားသည် အမြတ်ဆုံးဖြစ်သော တရားတော် ဓမ္မစက်ကို ဟောကြား လည်စေတော်မူ၏။

(၄) ဤကုသိနာရုံဌာန၌ မြတ်စွာဘုရားသည် ခန္ဓာကြွင်းမရှိသော ငြိမ်းခြင်းသဘော အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏၊ ဤသို့ အောက်မေ့လျက် ကြည်ညိုသော စိတ်ထားဖြင့် ရှိခိုးပူဇော်ကြရပါမည်။ (မြန်မာပြန်၊ စာမျက်နှာ ၁၃၅၊ စာပိုဒ်ရေ ၂၀၂)

စကြာမင်း၏ အံ့ဖွယ်ဂုဏ် လေးပါး

(၁) စကြာမင်းကို ဖူးမြော်ခြင်းငှါ ချဉ်းကပ်သော မင်းပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောအံ့၊ ထိုပရိသတ်သည် ပြောသော စကားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင် သည်သာလျှင် ဖြစ်၏။

(၂) ပုဏ္ဏားပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောအံ့၊ ထိုပရိသတ်သည် ပြောသောစကားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့် တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏။

(၃) သူဌေးသူကြွယ်ပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောအံ့၊ ထိုပရိသတ်သည် ပြောသော စကားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့်တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏။

(၄) သူတော်မြတ်ပရိသတ်သည် ဖူးမြော်ရသဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ ထိုပရိသတ်၌ စကြဝတေးမင်းသည် အကယ်၍ စကားပြောအံ့၊ ထိုပရိသတ်သည် ပြောသောစကားဖြင့်လည်း နှစ်သက်ဝမ်းမြောက်၏။ စကြဝတေးမင်းသည် စကားကို ရပ်သိမ်း၍ ဆိတ်ဆိတ်နေသည့် တိုင်အောင် မင်းပရိသတ်သည် မရောင့်ရဲနိုင်သည်သာလျှင်ဖြစ်၏။

(မြန်မာပြန်၊ စာမျက်နှာ ၁၄၈၊ စာပိုဒ်ရေ ၂၀၉။)

**မေး** ၅။ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ တည်ရှိရာဌာနတို့နှင့် ပမာဏတို့ကို ဖော်ပြ၍၊ စွယ်တော်လေးဆူတို့ ကိန်းဝပ်ရာ ဒေသများကိုလည်း သုတေသနပြုခဲ့ပါ။

**ဖြေ** ၅။ သရီရဓာတ်တော်တို့ တည်ရှိရာဌာန

မြတ်စွာဘုရား၏ သရီရဓာတ်တော် ရှစ်စိတ်တို့တွင် ခုနစ်စိတ်သည် ဇမ္ဗူဒိပ်၌ တည်ရှိ၏။

ကျန်တစ်စိတ်ကား ရာမရွာ၌ တည်ရှိပါသည်။

စွယ်တော်လေးဆူတို့တွင် တစ်ဆူသော စွယ်တော်သည် တာဝတိံသာနတ်ပြည်၌ တည်ရှိပါသည်။

တစ်ဆူသော စွယ်တော်သည် ဂန္ဓာရပြည်၌ တည်ရှိပါသည်။

တစ်ဆူသော စွယ်တော်သည် ကာလိင်္ဂမင်း၏ တိုင်းနိုင်ငံ၌ တည်ရှိပါသည်

တစ်ဆူသော စွယ်တော်သည် နဂါးတိုင်းပြည်၌ တည်ရှိပါသည်။

(မြန်မာပြန်၊ စာမျက်နှာ ၁၆၇၊ စာပိုဒ်ရေ ၂၇၉။)

မေး ၆။ မဟာသုဒဿနမင်း၏ တန်ခိုးလေးပါးတို့ကို ဖော်ထုတ်ပြ၍ ထိုမင်းသည် အဘယ် တရားတို့ကို အဘယ်မျှကြာအောင် ကျင့်ဆောင်ပြီး သေလွန်ပြီးနောက် အဘယ်ဘဝသို့ ရောက်ရ သည်ကိုလည်း ကောက်ချက်ချပြခဲ့ပါ။

ဖြေ ၆။ **မဟာသုဒဿနမင်း၏ တန်ခိုး လေးပါး**

(၁) မဟာသုဒဿနမင်းသည် သူတစ်ပါးတို့ထက် လွန်ကဲ၍ အဆင်းလှ၏၊ ရှုချင်ဖွယ်ရှိ၏၊ မြတ်သော အဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။

(၂) မဟာသုဒဿနမင်းသည် သူတစ်ပါးတို့ထက် လွန်ကဲ၍ အသက်ရှည်၏၊ ကြာမြင့်စွာ တည်ခြင်း ရှိ၏။

(၃) မဟာသုဒဿနမင်းသည် သူတစ်ပါးတို့ထက် လွန်ကဲ၍ အနာကင်း၏၊ ရောဂါကင်း၏၊ အစာကို အညီအမျှ ကြေစေတတ်သည့် မအေးလွန်း မပူလွန်းသော ဝမ်းမီးနှင့် ပြည့်စုံ၏။

(၄) မဟာသုဒဿနမင်းကို သား၊ သမီးတို့က ဖခင်ကို ချစ်ခင်မြတ်နိုးကြကုန်သကဲ့သို့ ပုဏ္ဏားနှင့် သူကြွယ်တို့သည် ချစ်ခင်မြတ်နိုးကြကုန်၏။ ထို့အတူပင် မဟာသုဒဿနမင်း ကလည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ဖခင်က သား၊ သမီးတို့ကို ချစ်ခင်မြတ်နိုးသကဲ့သို့ မြတ်နိုးတော်မူ၏။

(မြန်မာပြန် စာမျက်နှာ ၁၆၇၊ စာပိုဒ်ရေ ၂၅၂။)

မဟာသုဒဿနမင်းသည် ဗြဟ္မစရိယခေါ် မြတ်သော အကျင့်တရားတို့ကို အနှစ်ရှစ်သောင်း လေးထောင်ကြာအောင် ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့လေသောကြောင့် သေလွန်ပြီးနောက် ဗြဟ္မာ့ ပြည်သို့ လားရောက်ရပါသည်။

(မြန်မာပြန်၊ စာမျက်နှာ ၁၈၁၊ စာပိုဒ်ရေ ၂၆၉။)

မေး ၇။ ဗိမ္ဗိသာရမင်းသည် သောတာပန် ဖြစ်ပါလျက် အဘယ့်ကြောင့် အဘယ်ဘုံ၌ အဘယ် အမည်ဖြင့် အဘယ်ပုံ ဖြစ်ရသည်ကို ဖော်ပြ၍၊ စိတ်တည်ကြည်ခြင်း၏ အခြံအရံ ခုနစ်ပါးတို့ကိုလည်း အဓိပ္ပါယ်နှင့်တကွ ဖော်ပြခဲ့ပါ။

ဖြေ ၇။ ဗိမ္ဗိသာမင်းသည် ထိုဌာနတို့၌ တွယ်တာမှု အားကြီးသောကြောင့် စတုမဟာရာဇ် နတ်ဘုံ၌ ဇနဝသဘ-ဟူသော အမည်ဖြင့် ဝေဿဝဏ်နတ်မင်းကြီး အလုပ်အကျွေး အပေါင်းအဖော် အဖြစ် ဖြစ်ရပါသည်။

(မြန်မာပြန်၊ စာမျက်နှာ ၁၉၁၊ စာပိုဒ်ရေ ၂၈၀။)

စိတ်တည်ကြည်ခြင်း၏ အခြံအရံ ခုနစ်ပါး

(၁) မှတ်စွာသိမြင်ခြင်း၊ သမ္မာဒိဋ္ဌိ၊

(၂) မှန်စွာကြံခြင်း၊ သမ္မာသင်္ကပ္ပ

(၃) မှန်စွာပြောဆိုခြင်း၊ သမ္မာဝါစာ

(၄) မှန်စွာပြုလုပ်ခြင်း၊ သမ္မာကမ္မန္တ

(၅) မှန်စွာအသက်မွေးခြင်း၊ သမ္မာအာဇီဝ

(၆) မှန်စွာအားထုတ်ခြင်း၊ သမ္မာဝါယာမ

(၇) မှန်စွာအောက်မေ့ခြင်း၊ သမ္မာသတိ တို့ဖြစ်ပါသည်။

(မြန်မာပြန်၊ စာမျက်နှာ ၂၀၀၊ စာပိုဒ်ရေ ၂၉၀။)

မေး ၈။ ပါယာသိသုတ်လာ ဥပမာ (၁၀) ပါးတို့ကို အစီအစဉ်တကျ ဖော်ပြ၍၊ မဟာသတိပဋ္ဌာန သုတ်လာ ဒုက္ခသရုပ်တို့ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

ဖြေ ၈။ ပါယာသိသုတ်လာ ဥပမာ (၁၀) ပါး

(၁) နေ၊ လ ဥပမာ

(၂)ခိုးသူ ဥပမာ

(၃) မစင်တွင်း၌ နစ်မြုပ်သောယောကျ်ား ဥပမာ

(၄) တာဝတိံသာနတ် ဥပမာ

(၅) ဝမ်းတွင်းကန်းသောယောကျ်ား ဥပမာ

(၆) ကိုယ်ဝန်ဆောင်ပုဏ္ဏေးမ ဥပမာ

(၇) အိပ်မက် ဥပမာ

(၈) ရဲရဲညီသောသံတွေခဲ ဥပမာ

(၉) ခရုသင်းမှုတ်သောယောကျ်ား ဥပမာ

(၁၀) မီးကို လုပ်ကျွေးသောရသေ့ ဥပမာ တို့ ဖြစ်ကြသည်။

(မြန်မာပြန်၊ စာမျက်နှာ ၁၈၃မှ ၂၁၀ ထိ။)

ဒုက္ခသရုပ်

(၁) ပဋိသန္ဓေ တည်နေရခြင်း၊ (၂) အိုရခြင်း၊

(၃) သေခြင်း၊ (၄) စိုးရိမ်ပူပန်ခြင်း၊

(၅) ငိုကြွေးရခြင်း၊ (၆) ကိုယ်ဆင်းရဲခြင်း၊

(၇) စိတ်ဆင်းရဲခြင်း၊ (၈) ပြင်းစွာ ပူပန်ခြင်းတို့ ဖြစ်ကြသည်။

(မြန်မာပြန် ၊ စာမျက်နှာ ၂၇၁၊ စာပိုဒ်ရေ ၃၈၇။)

မေး ၉။ ပါယာသိမင်းသားနှင့် ဥတ္တရလုလင်တို့၏ အလှူစီမံ ခြားနားဟန်များနှင့် မတူကွဲပြား အကျိုးပေးပုံများကို ဖော်ပြခဲ့ပါ။

ဖြေ ၉။ ပါယာသိမင်းသည် -

(၁) အရိုအသေ မပြုမူ၍ အလှူကို လှူသည်၊

(၂) မိမိလက်ဖြင့် မဟုတ်မူ၍ အလှူကို လှူသည်၊

(၃) အလေးမြတ် မပြုမူ၍ အလှူကို လှူသည်၊

(၄) ပစ်ပစ်ခါခါကဲ့သို့ ပြု၍ အလှူကို လှူသည်။

ထို့ကြောင့် သေလွန်ပြီးနောက် ပရိသတ်ကင်းသော သေရီသကဗိမာန်ဝယ် စာတုမဟာရာဇ်နတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်ရ၏။

ဥတ္တရလုလင်သည်

(၁) အရိုအသေ ပြု၍ အလှူကို လှူသည်။

(၂) မိမိလက်ဖြင့် အလှူကို လှူသည်။

(၃) အလေးအမြတ် ပြု၍ အလှူကို လှူသည်

(၄) ပစ်ပစ်ခါခါကဲ့သို့ မပြုမူ၍ အလှူကို လှူသည်

ထို့ကြောင့် ခန္ဓာပျက်ကြွေ သေလွန်ပြီးနောက် တာဝတိံသာနတ်တို့၏ အပေါင်းအသင်းအဖြစ်သို့ ရောက်၏။

(မြန်မာပြန်၊ စာမျက်နှာ ၃၁၆၊ စာပိုဒ်ရေ ၄၄၁။)

မေး ၁၀။ သုတ်မဟာဝါ-လာ သုတ် (၁၀) သုတ်တို့၏ ဟောကြားရာဒေသ (တိုင်း၊ ပြည်၊ မြို့) ဌာနတို့ကိုလည်း အသီးအသီး ဖော်ပြခဲ့ပါ။

ဖြေ ၁၀။ သုတ်မဟာဝါ-လာ သုတ် (၁၀) သုတ်တို့၏ ဟောကြားရာဒေသ

(၁) မဟာပဒါနသုတ် (နှာ-၁)၊ သာဝတ္ထိပြည်၊ ရေကတက်ပင်ကျောင်း၏ တန်ဆောင်း။

(၂) မဟာနိဒါနသုတ် (နှာ-၁၅)၊ ကုရုတိုင်း၊ ကမ္မာသဓမ္မနိဂုံး။

(၃) မဟာပရိနိဗ္ဗာနသုတ်သုတ် (နှာ-၇၁)၊ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်။

(၄) မဟာသုဒဿနသုတ် (နှာ-၁၆၁)၊ ကုသိနာရုံပြည်၊ မလ္လမင်းတို့၏ အင်ကြင်းဥယျာဉ်။

(၅) ဇနဝသဘသုတ် (နှာ-၁၈၅)၊ နာတိကရွာ၊ အုတ်တိုက်ကျောင်း။

(၆) မဟာဂေါဝိန္ဒသုတ် (နှာ-၂၀၃)၊ ရာဇဂြိုဟ်ပြည်၊ ဂိဇ္ဈကုဋ်တောင်။

(၇) မဟာသမယသုတ် (နှာ-၂၂၉)၊ သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ မဟာဝုန်တော။

(၈) သက္ကပဉှသုတ် (နှာ-၂၃၇)၊ မဂဓတိုင်း၊ ရာဇဂြိုဟ်၏ အရှေ့အရပ်၊ အမ္ဗသဏ္ဍပုဏ္ဏားရွာ၏ မြောက်ဘက် ဝေဒိယတောင်ရှိ ဣန္ဒသာလလိုဏ်ဂူ။

(၉) မဟာသတိပဋ္ဌာနသုတ် (နှာ-၂၅၉)၊ ကုရုတိုင်း၊ ကမ္မာသဓမ္မမည်သော နိဂုံး။

(၁၀) ပါယာသိသုတ် (နှာ-၂၈၁)၊ ကောသလတိုင်း၊ သေတဗျမြို့၏ မြောက်အရပ် ယင်းတိုက်တော။

\+ + + + +

## ၂၀၁၉ (၁၃၈၁) ခုနှစ်၊ ပိဋကသုံးပုံ မြန်မာပြန် စာမေးပွဲ
## မဟာဝဂ္ဂပါဠိတော် မြန်မာပြန်မေးခွန်းနှင့် အဖြေများ

၁။ ဝိပဿီမြတ်စွာဘုရား၏ (က) အမျိုးနှင့် အနွယ်၊ (ခ) သက်တမ်း၊ (ဂ) ဗောဓိပင်၊ (ဃ) အဂ္ဂသာဝက၊ (င) အလုပ်ကျွေးတို့ကို ဖော်ပြ၍၊ ဓမ္မတာ(၁၆)ပါးတို့တွင် (၁၅)ခုမြောက် ဓမ္မတာကိုလည်း ပြည့်စုံစွာ ရေးသားဖြေဆိုပါ။

(က) မင်းမျိုးနွယ်နှင့် ကောဏ္ဍညအနွယ် (ခ) အနှစ်ရှစ်သောင်း

(ဂ) သခွတ်ပင်၊ (ဃ) ခဏ္ဍနှင့် တိဿ

(င) အသောက ဖြစ်ပါသည်။

နှာ-(၁၇)၊ ပိုဒ်ရေ-(၁၆) (တစ်မှတ်စီပေါင်း-၅)

ရဟန်းတို့၏ ဖွားမြင်စဖြစ်သော ဘုရားလောင်းသည် ညီညာသော ခြေတော်တို့ဖြင့် ရပ်၍ မြောက်သို့မျက်နှာမူကာ ခုနစ်ဖဝါး လှမ်းကြွတော်မူ၏။ ထိုစဉ်အခါ၌ ထီးဖြူတော် မိုးကာ လိုက်ပါလျက်ဖြစ်၏။ (ထိုဘုရားလောင်းသည်) အရပ်မျက်နှာအားလုံးတို့ကိုလည်း လှည့်၍ ကြည့်တော်မူ၏။ ငါသည် လောက၌ အမြင့်ဆုံး ဖြစ်၏။ ငါသည် လောက၌ အကြီးဆုံး ဖြစ်၏။ ငါသည်လောက၌ အမြတ်ဆုံးဖြစ်၏။ ဤဘဝသည် နောက်ဆုံးတည်း။ တစ်ဖန်ဖြစ်မည့် ဘဝ ယခုမရှိတော့ပြီ ဟု ခန့်ညားသော စကားကို မြွက်ဆိုတော်မူ၏။

(၅) မှတ် (နှာ- ၁၃ ပိုဒ်ရေ ၃၁)

၂။ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်နှင့် ပြည့်စုံသော ယောကျ်ားမြတ်တို့၏အဖြစ် တရားနှစ်ပါးတို့ကို ဖော်ပြ၍၊ ရဟန်းတော်တို့၏ လူအများနှင့် မတူ တမူထူးခြားသည့် အသွင်သဏ္ဌာန်နှစ်ပါး၊ နလုံးသွင်းခြောက်ပါးတို့ကိုလည်း ဖော်ပြခဲ့ပါ။

သုံးဆယ့်နှစ်ပါးသော လက္ခဏာနှင့် ပြည့်စုံ၍ ယောကျ်ားမြတ်ဖြစ်သော ထိုမင်းသားသည် အကယ်၍ လူ့ဘောင်၌ နေငြားအံ့၊ တရားစောင့်သော တရားနှင့်အညီ မင်းပြုသော သမုဒ္ဒရာလေးစင်း အပိုင်းအခြားရှိသော လေးကျွန်းလုံးကို အစိုးရသော ရန်အပေါင်းကို အောင်မြင်သော တိုင်းနိုင်ငံကို တည်ငြိမ်စေသော ရတနာခုနစ်ပါးနှင့် ပြည့်စုံသော စကြဝတေးမင်း ဖြစ်ပါလတ္တံ့။ အကယ်၍ လူ့ဘောင်မှ ရဟန်းဘောင်သို့ ဝင်ရောက်ငြားအံ့၊ ပူဇော်အထူးကို ခံယူတော်မူထိုက်သော အလုံးစုံသော တရားတို့ကို ကိုယ်တိုင်မှန်စွာ ဟောတော်မူသော၊ လောက၌ ကိလေသာ အပိတ်အဖုံးကို ဖွင့်လှစ်ပြီးသော ဘုရားဖြစ်လတ္တံ့။ (၅) မှတ် (နှာ-၁၇ ပိုဒ်ရေ ၃၆)

၁။ ခေါင်းတုံး တုံးရခြင်း။

၂။ ဖန်ရည်ဆိုး၊ အဝတ်တို့ကို ဝတ်ရမည်တို့ ဖြစ်ပါသည်။

၁။ အရှင်မင်းသား ဤရဟန်း မည်သည်မှာ တရားကျင့်ခြင်းသည် ကောင်း၏။

၂။ အမှန်ကျင့်ခြင်းသည် ကောင်း၏။

၃။ ကုသိုလ်ပြုခြင်းသည် ကောင်း၏။

၄။ ကောင်းမှုပြုခြင်းသည် ကောင်း၏။

၅။ မညှင်းဆဲခြင်းသည် ကောင်း၏။

၆။ သတ္တဝါတို့ကို သနားခြင်းသည် ကောင်း၏။ ဤကား နလုံးသွင်း ခြောက်ပါးတို့ဖြစ်ပါသည်။

(၅)မှတ် (နှာ-၂၅၊ ပိုဒ်-၅၃)

၃။ မဟာနိဒါနသုတ်လာ အောက်ပါရဟန်းတို့၏ အဓိပ္ပါယ်ကို အကျယ်ရေးသား ဖြေဆိုပါ။
(က) ပညာဝိမုတ္တရဟန်း၊ (ခ) ဥဘတောဘာဂဝိမုတ္တရဟန်း။

(က) ရဟန်းသည် ဤဝိညာဉ်၏တည်ရာ ခုနစ်ပါးတို့နှင့် တည်နေရာအာယတနနှစ်ပါးတို့၏ ဖြစ်ကြောင်းကိုလည်းကောင်း၊ ချုပ်ကြောင်းကိုလည်းကောင်း သာယာဖွယ်ကိုလည်းကောင်း၊ အပြစ်ကိုလည်းကောင်း ထွက်မြောက်ရာကိုလည်းကောင်း ဟုတ်မှန်တိုင်း သိသဖြင့် မစွဲလန်းမူ၍ ကိလေသာတို့မှ လွတ်မြောက်၏။ ဤရဟန်းကို ပညာဖြင့် လွတ်မြောက်သော ပညာဝိမုတ္တ ရဟန်းဟူ၍ ခေါ်ဆိုရပါသည်။ (၅)မှတ် (နှာ - ၆၉ စာပိုဒ်-၁၂၈)

(ခ) ရဟန်းသည် ရှစ်ပါးသော ဝိမောက္ခတို့ကို အနုလုံအားဖြင့်လည်း ဝင်စား၏၊ ပဋိလုံအားဖြင့်လည်း ဝင်စား၏။ အလိုရှိတိုင်းသော အရပ်၌အလိုရှိတိုင်းသော သမာပတ်ကို အလိုရှိတိုင်း ဝင်စားလည်း ဝင်စား၏။ သမာပတ်မှထလည်း ထ၏။ အာသဝတို့၏ကုန်ခြင်းကြောင့် အာသဝကင်းသော လွတ်မြောက်သော (အရဟတ္တဖိုလ်) စိတ်နှင့် လွတ်မြောက်သော (အရဟတ္တဖိုလ်) ပညာကို ယခုဘဝ၌ပင် ထူးခြားသော ဉာဏ်ဖြင့် ကိုယ်တိုင် မျက်မှောက်ပြုလျက် ရောက်၍ နေ၏။ ဤရဟန်းကို နှစ်ပါးသောအဖို့အားဖြင့် ကိလေသာမှ လွတ်မြောက်သော ဥဘတောဘာဂဝိမုတ္တ ရဟန်းဟူ၍ ခေါ်ဆိုရပါသည်။ (၅)မှတ်၊ (နှာ -၆၉၊ စာပိုဒ်-၁၃၀)

၄။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် အကြိမ်များစွာ ဟောသော တရားတို့ကို ဖော်ပြ၍ ၊ အာယုသင်္ခါရဟု ခေါ်ဆိုရပုံနှင့် ပရိသတ်(၈)ပါး သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

ဤကား သီလတည်း၊ ဤကား သမာဓိတည်း။ ဤကား ပညာတည်း။ သီလ၌ ဖြစ်စေသော သမာဓိသည် များသော အကျိုးအာနိသင် ရှိ၏။ သမာဓိ၌ တည်၍ ဖြစ်သောပညာသည် များသောအကျိုး အာနိသင်ရှိ၏။ ပညာ၌ တည်၍ ဖြစ်သော စိတ်သည် ကာမာသဝ၊ ဘဝါသဝ၊ အဝိဇ္ဇာသဝဟူသော အာသာဝတို့မှ ကောင်းစွာပင်လျှင် လွတ်မြောက်၏ဟု ဤတရားတို့ကို အကြိမ်များစွာ ဟောတော်မူပါသည်။ (၅)မှတ်၊ (နှာ-၈၀၊ စာပိုဒ်-၁၄၂)
သတိရှိလျက် ဆင်ခြင်လျက် အသက်ရှည်ရန် ပြုပြင်မှုကို အာယုသင်္ခါရ ဟုခေါ်ပါသည်။

( နှာ-၁၀၄၊ပိုဒ် ၆၉)

ပရိတ်သတ် (၈)ပါးကား-၁။ မင်းပရိသတ် ၂။ ပုဏ္ဏားပရိသတ် ၃။ သူဌေး သူကြွယ် ပရိသတ် ၄။ ရဟန်းပရိသတ် ၅။ စာတုမဟာရာဇ် ပရိသတ် ၆။ တာဝတိံသာပရိသတ် ၇။ မာရ်နတ်ပရိသတ် ၈။ ဗြဟ္မာပရိသတ်တို့ ဟူ၍ဖြစ်ပါသည်။
(၅)မှတ်၊ (နှာ-၁၀၆ ၊ပိုဒ်-၁၇၂)

၅။ မဟာသုဒဿနမင်းကြီး၏ တန်ခိုးလေးပါးတို့ကို အကျဉ်းမျှ ဖော်ပြ၍၊ (က) မြို့တော်၊ (ခ) ပြာသာဒ်၊ (ဂ) စီးတော်ဆင်၊ (ဃ) စီးတော်မြင်း၊ (င) စီးတော်ရထားတို့၏ အမည်များကိုလည်း ဖော်ပြခဲ့ပါ။

တန်ခိုးလေးပါးကား-

(၁) မဟာသုဒဿနမင်းသည် သူတစ်ပါးတို့ထက် လွန်ကဲ၍ အဆင်းလှ၏။ ရှုချင်စဖွယ်ရှိ၏။ ကြည်ညိုဖွယ်ရှိ၏။ မြတ်သောအဆင်းသဏ္ဌာန်နှင့် ပြည့်စုံ၏။

(၂) သူတစ်ပါးတို့ထက် လွန်ကဲ၍ အသက်ရှည်၏။ ကြာမြင့်စွာတည်ခြင်းရှိ၏။

(၃) သူတစ်ပါးတို့ထက် လွန်ကဲ၍ အနာကင်း၏။ ရောဂါကင်း၏။ အစာကို အညီအမျှ ကြေစေတတ်သည့် မအေးလွန်း မပူလွန်းသော ဝမ်းမီးနှင့် ပြည့်စုံ၏။

(၄) မဟာသုဒဿနမင်းကို ပုဏ္ဏားနှင့် သူကြွယ်တို့သည် ချစ်ခင်မြတ်နိုးကြကုန်၏။ ထိုမင်းသည်လည်း ပုဏ္ဏားနှင့် သူကြွယ်တို့ကို ချစ်ခင်မြတ်နိုးတော်မူ၏။

(၅)မှတ်၊ (နှာ-၁၆၇ ၊ပိုဒ်-၂၅၂)

(က) ကုသာဝတီ နေပြည်တော်၊
(ခ) မဟာဝိယူဟပြာသာဒ်၊
(ဂ) ဉပေါသထ ဆင်မင်း၊
(ဃ) ဝလာဟက မြင်းမင်း၊
(င) ဝေဇယန္တာရထားတို့ဖြစ်ပါသည်။ (၅) မှတ်၊ (နှာ-၁၈၃၊ ပိုဒ်-၂၇၁)

၆။ တာဝတိံသာနတ်ပြည်၌ နတ်သဘင် ကျင်းပရာဝယ် နတ်မင်းကြီးလေးပါးတို့၏ နေရာယူပုံ၊ ထိုင်နေပုံများကို သရုပ်ပေါ်အောင် ရေးသားဖြေဆို၍၊ သနင်္ကုမာရဗြဟ္မာ၏ (က) ထင်ရှားဖြစ်ပေါ်ရန် ရှေ့ပြေးနိမိတ်၊ (ခ) ပရိသတ်သို့ ဝင်ရောက်ပုံ အခြင်းအရာ၊ (ဂ) နတ်ပရိသတ်တို့၏ အပြုအမူများကို ဇနဝသဘသုတ်နှင့် အညီ ဖြေဆိုခဲ့ပါ။

အရှေ့အရပ် ဓတရဋ္ဌနတ်မင်းကြီးသည် အနောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် ထိုင်နေပါသည်။
တောင်အရပ်မှ ဝိရုဠှကနတ်မင်းကြီးသည် မြောက်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် နေပါသည်။

အနောက်အရပ်မှ ဝိရူပက္ခနတ်မင်းကြီးသည် အရှေ့အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် နေပါသည်။
မြောက်အရပ်မှ ဝေဿဝဏ်နတ်မင်းကြီးသည် တောင်အရပ်သို့ မျက်နှာမူကာ နတ်အပေါင်းကို ရှေးရှုလျက် နေပါသည်။ (၅)မှတ်၊ (နှာ-၁၉၂၊ ပိုဒ်-၂၈၂)

(က) ရှေးပြေးနိမိတ်ကား- ကြီးမားကျယ်ပြန့်သော အလင်းရောင် ထွက်ပေါ်လာခြင်းပင်ဖြစ်သည်။
(ခ) တာဝတိံသာနတ်တို့၏ မျက်မှောက်၌ ထင်ရှားပေါ်လာသောအခါ ကြမ်းတမ်းသော အတ္တဘောကို ဖန်ဆင်းလျက် ပေါ်လာရပါသည်။
(ဂ) ထိုအခါ နတ်တစ်ဦးတစ်ယောက်မျှ သနင်္ကုမာရဗြဟ္မာကို ရှိုးလည်း မခိုးပါ။ ခရီးဦးကြိုလည်း မပြုပါ။ နေရာဖြင့်လည်း မဖိတ်ခေါ်ပါ။ ယခုအခါ သနင်္ကုမာရဗြဟ္မာသည် အလိုရှိရာ နတ်ပလ္လင်၌ ထိုင်လိမ့်မည်ဟု ဆိတ်ဆိတ်သာလျှင် နှလုံးသွင်းလျက် အလုံးစုံသောနတ်တို့သည် လက်အုပ်ချီကာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေကြပါကုန်၏။ (၅)မှတ်၊( နှာ-၁၉၃၊ပိုဒ်-၂၉၃/၂၉၄)

၇။ မဟာဂေါဝိန္ဒပုဏ္ဏား တည်းထောင်ခဲ့သည့် တိုင်းခုနစ်တိုင်း ပြည်ခုနစ်ပြည်တို့ကို ဖော်ပြ၍၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ တိုင်းပြည်ဝန်ဆောင် မင်းခုနစ်ပါးတို့၏ အမည်များကိုလည်း ဖော်ပြခဲ့ပါ။

(၁) ကာလိင်္ဂတိုင်း၌ ဒန္တပူရပြည်၊
(၂) အဿကတိုင်း၌ ပေါတနပြည်၊
(၃) အဝန္တိတိုင်း၌ မဟေသာယပြည်၊
(၄) သောဝီရိတိုင်း၌ ရောရုကပြည်၊
(၅) ဝိဒေဟတိုင်း၌ မိထိလာပြည်၊
(၆) အင်္ဂတိုင်း၌ စမ္ပာပြည်၊
(၇) ကာသိတိုင်း၌ ဗာရာဏသီပြည်။ ဤသည်တို့ကား မဟာဂေါဝိန္ဒတည်ထားခဲ့သော တိုင်းခုနစ်တိုင်း ပြည်ခုပြည်တို့ ဖြစ်ပါသည်။ (၆)မှတ်၊ (နှာ-၂၁၄၊ပိုဒ်-၃၀၉)

၁။ ရေဏုမင်း၊ ၂။ သတ္တဘူမင်း၊ ၃။ ဗြဟ္မဒတ်မင်း၊ ၄။ ဝေဿဘူမင်း၊ ၅။ ဘရတမင်း၊ ၆/၇။ ဓတရဋ္ဌမင်း နှစ်ပါးတို့ ဖြစ်ပါသည်။

(၄)မှတ်၊ (နှာ- ၂၁၅ ၊ပိုဒ်၃၁၀)

၈။ မဟာသမယသုတ်လာ ဗြဟ္မာလေးဦးတို့ ရွတ်ဆိုသော ဂါထာများ၏ အဓိပ္ပါယ်များကို အသီးသီးဖော်ပြ၍၊ သက္ကပဉှသုတ် ဟောရာဒေသကိုလည်း အပြည့်အစုံ ဖော်ပြခဲ့ပါ။

(၁) အရှင်ဘုရား မဟာဝုန်တော၌ နတ်ပြဟ္မာအပေါင်းတို့သည် စုရုံးရောက်လာကြသဖြင့် အစည်းအဝေးဖြစ်လျက် နေပါ၏။ အကျွန်ုပ်တို့သည်လည်း ကိလေသာရန်သူတို့ကို မအောင်နိုင်သော သံဃာတော်ကို ဖူးမြော်ခြင်းငှာ ဤတရားသဘင်အစည်းအဝေးသို့ လာရောက်ပါကုန်၏။

(၂) ထိုအစည်းအဝေး၌ ရဟန်းတို့သည် မိမိစိတ်ကို တည်ကြည်စေလျက် ဖြောင့်မတ်စွာ ပြုထားပါကုန်၏။ ရထားထိန်းလည်း မြင်းဇက်ကြိုးတို့ကို ကိုင်၍ ထိန်းသကဲ့သို့ ပညာရှိ ရဟန်းတို့သည် ဣန္ဒြေတို့ကို ထိန်းသိမ်းတော်မူ၏။

(၃) အရှင်ဘုရားလည်း ကောင်းစွာ ဆုံးမထားပြီးဖြစ်၍ တဏှာကင်းလျက် သန့်ရှင်း စင်ကြယ်သော တိုရဟန္တာငယ်တို့သည် ရာဂ ဒေါသ၊ မောဟတည်းဟူသော ခလုတ်တံတင်းနှင့် တံခါးကျည်း၊ မင်းတုပ်တို့ကို ဖျက်ပြီးလျှင် ရာဂ-ဒေါသ-မောဟ တည်းဟူသော တံခါးတိုင်ကို နုတ်၍ လှည့်၍ သွားလာလှည့်နေကြကုန်၏။

(၄) မြတ်စွာဘုရား ကိုးကွယ်ရာဟူ၍ ဆည်းကပ်သူအားလုံးတို့သည် အပါယ်ဘုံသို့ မရောက်ကြပါကုန်လတ္တံ့။ လူ့ခန္ဓာကို စွန့်ပစ်၍ နတ်ပြည်၌ ဖြစ်ကြပါကုန်လတ္တံ့။ ဤသို့ အသီးသီး ရွတ်ဆိုလျှောက်ထားကြပါကုန်၏။ **တစ်ဂါထာလျှင် (၂)မှတ်၊(နှာ-၂၂၉ ပိုဒ် ၃၃၂)**

သက္ကပညသုတ် ဟောရာဒေသကား -မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၏ အရှေ့ရပ် အမ္ဗသဏ္ဍမည်သော ပုဏ္ဏားရွာ၏ မြောက်အရပ် ဝေဒိယကတောင် ဣန္ဒသာလဂူ ဖြစ်ပါသည်။
(၂)မှတ်၊ (နှာ-၂၃၇၊ ပိုဒ် ၃၄၄)

၉။ သတိပဋ္ဌာန်တရားလေးပါးတို့၏ ဂုဏ်ငါးတန်ကို ဖော်ပြ၍၊ စက်ဆုပ်ဖွယ်ဟု နှလုံးသွင်းပုံကိုလည်း ဖော်ပြခဲ့ပါ။

(၁) သတ္တဝါတို့၏ စိတ်ဆင်းရဲမှု ချုပ်ငြိမ်းခြင်း၊
(၂) စိုးရိမ်ပူပန်မှု ချုပ်ငြိမ်းခြင်း၊
(၃) ကိုယ်ဆင်းရဲ စိတ်ဆင်းရဲတို့ ချုပ်ငြိမ်းခြင်း၊
(၄) အရိယာမဂ်ကို ရခြင်း၊
(၅) နိဗ္ဗာန်ကို မျက်မှောက်ပြုလွယ်ခြင်းတို့ဖြစ်ပါသည်။ (၄)မှတ်၊ (နှာ-၂၅၉၊ ပိုဒ် ၃၇၃)

ရဟန်းသည် ခြေဖဝါးမှ အထက် ဆံပင်များမှအောက် ထက်ဝန်းကျင် အရေးအပါဆုံးရှိသော မစင်ကြယ်သည့် အရာရာ အမျိုးမျိုးတို့ဖြင့် ပြည့်လျက်ရှိသော ဤရုပ်အပေါင်းကို စူးစိုက်ဆင်ခြင်၏။ ဤရုပ်အပေါင်း၌ ဆံပင်၊ အမွေး၊ ခြေသည်းလက်သည်း၊ အရေ၊ အသား၊ အကြော၊ အရိုး၊ ရိုးတွင်းခြင်ဆီ၊ အညို၊ နှလုံး၊ အသည်း၊ အမြှေး၊ အဖျဉ်း၊ အဆုတ်၊ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်၊ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ၊ မျက်ရည်၊ ဆီကြည်၊ တံတွေး၊ နှပ်၊ အစေး၊ ကျင်ငယ်သည်ရှိ၏ဟု စူးစိုက်ဆင်ခြင်၏။ (၆)မှတ်၊ (နှာ-၂၆၂ ၊ပိုဒ်-၃၇၇)

၁၀။ ပါယာသိကမြို့စား အပိုင်စားရသည် မြို့၏ ထူးခြားမှုများကို ဖော်ပြ၍ ထိုမြို့စားနှင့် စပ်လျဉ်း၍ ဥတ္တရလုလင်၏ ဆုတောင်းပုံကိုလည်း အကြောင်းနှင့် တကွ ဖော်ပြပါ။

(က) လူစည်ကား၏
(ခ) ကျွဲ၊ နွား၊ စသည်ပေါ၏
(ဂ) မြက်၊ ထင်း၊ ရေတို့နှင့် ပြည့်စုံ၏
(ဃ) ဆန်၊ စပါးနှင့်ပြည့်စုံ၏
(င) မင်းထံမှရသော စည်းစိမ်ဥစ္စာ ဖြစ်၏၊
(စ) ပသေနဒီ ကောသလမင်းကြီးသည် ဆုလာဘ်အဖြစ်ဖြင့် အပိုင်ပေးထားခြင်း ဖြစ်၏။ ဤကား သေတဗျမြို့၏ ထူးခြားချက်တည်း။ (၅) မှတ်၊ (နှာ-၂၈၁၊ ပိုဒ်-၄၀၆)

ဥတ္တရလုလင်၏ ဆုတောင်းကား ဤလူကြောင့် ကျွန်ုပ်တို့သည် ပါယာသိမြို့စားကို ဤပစ္စုပ္ပန်လောက၌သာလျှင် ပေါင်းဆုံရ၍ တစ်ပါးသော လောက၌ မပေါင်းဆုံရပါစေသတည်း။ အကြောင်းကား ပါယာသိမြို့စားသည် သမဏဗြာဟ္မဏ အထီးကျန်သူ ခရီးသည် သူဖုန်းစားတို့အား ပေးလှူရာ၌ အညံ့စားဖြစ်သော ပုန်းရည်ဟင်းနှင့် ဆန်ကွဲ ထမင်းဟင်းတို့ကိုလည်းကောင်း ချည်ထုံးချည်မျှင် ရှိသည်ဖြစ်၍ ထူသော အဝတ်သက်န်းတို့ကိုလည်းကောင်း ပေးလှူသည်ကို မနှစ်သက်သောကြောင့် ဖြစ်ပါသည်။ (၅)မှတ်၊ (နှာ-၃၁၄ ၊ပိုဒ် -၄၃၉)

ရန်ကုန်မြို့

ဒေါက်တာခင်ခင်ရီ ပရိယတ္တိဖောင်ဒေးရှင်းက ကြီးမှူးကျင်းပသော

ပိဋကသုံးပုံ ပါဠိတော်မြန်မာပြန် စာမေးပွဲ

## အုပ်စု (၂) ဒီဃနိကာယ

## မဟာဝဂ္ဂပါဠိတော် မြန်မာပြန် မေးခွန်း

၁၃၈၄ - ခုနှစ်၊ နယုန်လပြည့်ကျော် ၈ - ရက်၊ (၂၁ - ၆ - ၂၀၂၂) အင်္ဂါနေ့

ခွင့်ပြုချိန်။ ။၄ - နာရီ။ (မွန်းလွဲ ၁း၀၀ နာရီမှ ညနေ ၅း၀၀ နာရီအထိ)

---

၁။ (၅) ခုမြောက် (၁၄) ခုမြောက် ဗောဓိသတ္တဓမ္မတာတို့ကို ဖော်ပြ၍၊ (၁၂) ခုမြောက် (၂၁)ခုမြောက် မဟာ-ပုရိသလက္ခဏာတို့ကို ဖြေဆိုကာ၊ ဝိပဿီမင်းသား၏ "ဝိပဿီ"အမည်ရခြင်း၏ ပထမအကြောင်းကိုလည်း ရေးသားပါ။

၂။ ဝိညာဏ်၏ အကြောင်းတရားကို ဖော်ပြ၍၊ လောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသော ဝိပဿီဘုရားရှင်သည် အဘယ်သို့သောသတ္တဝါတို့ကို မြင်တော်မူပါသနည်း ဖြေဆိုပြီး၊ ဝိပဿီမြတ်စွာဘုရား ရွတ်ပြတော်မူသော ပါတိမောက်ဂါထာတို့တွင် နောက်ဆုံးဂါထာကိုသာ ဘာသာပြန်ဆိုပြပါ။

၃။ ဝေဒနာကို စွဲ၍ အဆက်ဆက်ဖြစ်ပေါ်လာသော အကျိုးတရားတို့ကို အကုသိုလ်တိုင်အောင် ဖော်ပြ၍၊ ဝိညာဏဋ္ဌိတိ (၇) ပါးတို့တွင် (၅)ခုမြောက် ဝိညာဏဋ္ဌိတိကိုလည်း ဖြေဆိုပါ။

၄။ ဝဇ္ဇီတို့ မဆုတ်ယုတ်ကြောင်းတရားတို့တွင် (၆)ခုမြောက် (၇) ခုမြောက်တရားများနှင့် ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း (၆) ပါးတို့တွင် (၄)ခုမြောက် တရား, သီလရှိသူ၏အကျိုးအာနိသင်တို့တွင် (၃)ခုမြောက် အာနိသင်တို့ကို အသီးအသီး ဖြေဆိုပါ။

၅။ ကုသဝတီမင်းနေပြည်၌ နေ့ညမစဲ ဆူညံမြဲဖြစ်သော အသံ(၁၀)ပါးတို့ကို ဖြေဆို၍၊ မဟာသုဒဿနမင်းကြီးပိုင်ဆိုင်သည့် ဣတ္ထိရတနာ၏ အဆင်းရူပ လှပပုံကိုသာ ဖော်ပြကာ၊ ထိုမင်းကြီးသည် မဟာ-ဝိယူဟပြာသာဒ်တက်ခါနီး တံခါးဝ၌ရပ်ကာ ကျူးရင့်သောဥဒါန်းကိုလည်း ရေးသားခဲ့ပါ။

၆။ သနင်္ကုမာရဗြဟ္မာ၏ ပလ္လင်ရွေးချယ်မှုကို ခံရသော ပလ္လင်ပိုင်ရှင်နတ်သည် အဘယ်သို့ ခံစားရသည်ကို ဥပမာနှင့်တကွ ဖြေဆို၍၊ သမာဓိပရိက္ခာရတရား (၇)ပါးတို့ကို ဖော်ပြကာ၊ ဂေါဝိန္ဒပုဏ္ဏား၏ သားတော်အမည်, အရှင်သခင်, ဘုရင်မင်းအမည်, ထိုမင်း၏ သားတော်အမည်တို့ကိုလည်း မှန်ကန်စွာ ဖြေဆိုပါ။

၇။ မဟာဂေါဝိန္ဒပုဏ္ဏားကြီး ခုနစ်ဖို့ ခုနစ်ပုံ ခွဲဝေပေးခဲ့သော ပထဝီမြေအနေအထားကို ဖြေဆို၍၊ အဘယ်သူသည် ဗြဟ္မာနှင့် တွေ့ဆုံခွင့် ဆွေးနွေးပြောဆိုခွင့်ရနိုင်သည်ကို ရှေးပုဏ္ဏားဆရာကြီးတို့ အယူအဆအတိုင်း ဖော်ပြပြီး၊ သေခြင်းမရှိရာ ဗြဟ္မာပြည်သို့ ရောက်ကြောင်းကျင့်စဉ်ကိုလည်း ဗြဟ္မာကြီး၏ အဖြေအတိုင်း ဖြေဆိုပါ။

၈။ ကပိလဝတ်မြို့နှင့် သာတာဂိရတောင်တို့ကို မှီခိုနေသော ဘုမ္မစိုးနတ်အရေအတွက်တို့ကို မှန်ကန်စွာ ဖော်ပြ၍၊ လူနတ်စသား သတ္တဝါအများတို့ ရန်ဒဏ်ကင်းကွာ ချမ်းသာစွာနေလိုပါလျက် မနေကြရခြင်း၏ အကြောင်းရင်း, ဣဿာမစ္ဆရိယ၏ အကြောင်းရင်း, ဆန္ဒ၏ အကြောင်းရင်းတို့ကိုလည်း ဖြေဆိုပါ။

၉။ စိတ္တာနုပဿနာ ရှုပွါးရမည့် စိတ်အမျိုးအစားတို့ကို ဖော်ပြ၍၊ အဘယ်အရာတို့ကို သမ္မာဝါစာ, သမ္မာ-ကမ္မန္တ ခေါ်ဆိုသည်ကိုလည်း ဖြေဆိုပါ။

၁၀။ ရှောင်ကြဉ်ဖွယ်/လိုက်နာဖွယ်ကောင်းလှသည့် အရှင်ကုမာရကဿပ ညွှန်ပြခဲ့သော အကျိုးမများသည့် ယဇ်ပူဇော်ခြင်းနှင့် အရှင်ဂဝမ္ပတိ မိန့်ကြားခဲ့သော အလှူပေးနည်း (၄)နည်းတို့ကို ဖြေဆိုပါ။

**တစ်ပုစ္ဆာလျှင် (၁၀)မှတ်စီ**

## အုပ်စု (၂) မဟာဝဂ္ဂပါဠိတော် မြန်မာပြန်
## မေးခွန်း နှင့် အဖြေ

---

၁။ (၅) ခုမြောက်, (၁၄) ခုမြောက် ဗောဓိသုတ္တဓမ္မတာတို့ကို ဖော်ပြ၍ (၁၂) ခုမြောက်, (၂၁)ခုမြောက် မဟာ ပုရိသလက္ခဏာတို့ကို ဖြေဆိုကာ ဝိပဿီမင်းသား၏ "ဝိပဿီ"အမည်ရခြင်း၏ ပထမအကြောင်း ကိုလည်း ရေးသားပါ။

၁။ အဖြေ **(၅) ခုမြောက်ဓမ္မတာ** - ဘုရားအလောင်းတော် အမိဝမ်းသို့ သက်ရောက်သည်ကစ၍ အလောင်းတော်၏မယ်တော်၏ ယောကျ်ားသားတို့အပေါ်၌ ကာမဂုဏ်နှင့်စပ်ယှဉ်သော စိတ်ထား မဖြစ်၊ အလောင်းတော်၏ မယ်တော်ကိုလည်း တစ်စုံတစ်ဦးသောယောကျ်ားကမျှ တပ်မက်သောစိတ်ဖြင့် မလွန်ကျူးနိုင်။ **(နှာ-၁၁၊ ပိုဒ်-၂၁)**

**(၁၄) ခုမြောက်ဓမ္မတာ** - ဘုရားအလောင်းတော် အမိဝမ်းတိုက်မှ ထွက်လာသည့်အခါ၌ အေးသောရေအယဉ်တစ်ခု, ပူသောရေအယဉ်တစ်ခုအားဖြင့် ရေအယဉ်နှစ်ခုတို့သည် ကောင်းကင်မှ ထင်ရှားပေါ်လာကြကုန်၏၊ ယင်းရေဖြင့် အလောင်းတော်၏လည်းကောင်း မယ်တော်၏လည်းကောင်း ရေချိုးသန့်စင်ခြင်းကိစ္စကို ပြုကြကုန်၏။ **(နှာ-၁၃၊ ပိုဒ်-၃၀)**

**(၁၂) ခုမြောက် မဟာပုရိသလက္ခဏာ** - နူးညံ့သိမ်မွေ့သောအသားအရေရှိခြင်း, အရေ၏ နူးညံ့သည်၏အဖြစ်ကြောင့် မြူဖြူမြူညစ်(မြူနုမြူကြမ်း)သည် ကိုယ်၌ မလိမ်းကျံနိုင်။ **(နှာ-၁၅၊ ပိုဒ်-၃၅)**

**(၂၁)ခုမြောက် မဟာပုရိသလက္ခဏာ** - အရသာကို ဆောင်ယူနိုင်သောအကြောတို့တွင် အမြတ် ဆုံးဖြစ်သော ခုနစ်ထောင်သောအကြောရှိခြင်း။ **(နှာ-၁၆၊ ပိုဒ်-၃၅)**

**"ဝိပဿီ"အမည်ရခြင်း၏ ပထမအကြောင်း** - မွေးဖွားလာသော ဝိပဿီမင်းသားသည် တာဝတိံသာနတ်တို့ကဲ့သို့ မျက်စိမမှိတ်ဘဲ ကြည့်ရှုတတ်၏၊ ထိုသို့ ကြည့်ရှုတတ်သောကြောင့် "ဝိပဿီ"မင်းသားဟု အမည်တွင်ပါသည်။ **(နှာ-၁၇၊ ပိုဒ်-၄၀) (၁-ဖြတ် ၂-မှတ်စီ)**

---

၂။ ဝိညာဏ်၏ အကြောင်းတရားကို ဖော်ပြ၍ လောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသော ဝိပဿီဘုရားရှင်သည် အဘယ်သို့သောသတ္တဝါတို့ကို မြင်တော်မူပါသနည်း ဖြေဆိုပြီး ဝိပဿီမြတ်စွာဘုရား ရွတ်ပြ တော်မူသော ပါတိမောက်ဂါထာတို့တွင် နောက်ဆုံးဂါထာကိုသာ ဘာသာပြန်ဆိုပြပါ။

၂။ အဖြေ - **ဝိညာဏ်၏အကြောင်းတရား** - နာမ်ရုပ်ဖြစ်သည်။ **(နှာ-၂၇၊ စာပိုဒ်-၅၇) (၂-မှတ်)**

**မြင်ရသောသတ္တဝါများ -**

လောကကို ဗုဒ္ဓစက္ခုဖြင့် ကြည့်ရှုတော်မူသော ဝိပဿီဘုရားရှင်သည် ပညာမျက်စိ၌ နည်းသော ရာဂဒေါသမောဟမြူရှိကုန်သောသတ္တဝါတို့ကိုလည်းကောင်း ပညာမျက်စိ၌ များသောရာဂဒေါသမောဟ မြူရှိကုန်သောသတ္တဝါတို့ကိုလည်းကောင်း ထက်မြက်သောသဒ္ဓါစသောဣန္ဒြေရှိ ကုန်သောသတ္တဝါတို့ကို လည်းကောင်း နူးညံ့သောသဒ္ဓါစသောဣန္ဒြေရှိ ကုန်သောသတ္တဝါတို့ကိုလည်းကောင်း ကောင်းသောသဒ္ဓါစ သောအခြင်းအရာရှိ ကုန်သောသတ္တဝါတို့ကိုလည်းကောင်း မကောင်းသော သဒ္ဓါစသောအခြင်းအရာရှိ ကုန်သောသတ္တဝါတို့ကိုလည်းကောင်း လွယ်ကူစွာသိစေအပ်ကုန်သောသတ္တဝါတို့ကိုလည်းကောင်း ခဲယဉ်း သဖြင့်သိစေအပ်ကုန်သောသတ္တဝါတို့ကိုလည်းကောင်း တမလွန်လောကအကုသိုလ်အပြစ်တို့ကို ဘေး အားဖြင့်ရှုတတ်ကုန်သည်ဖြစ်၍ နေကုန်သော အချို့ကုန်သောသတ္တဝါတို့ကိုလည်းကောင်း တမလွန် လောက အကုသိုလ်အပြစ်တို့ကို ဘေးအားဖြင့် မရှုတတ်ကုန်သည်ဖြစ်၍ နေကုန်သော အချို့ကုန်သော သတ္တဝါတို့ကိုလည်းကောင်း မြင်တော်မူပါသည်။

**(နှာ-၃၃၊ စာပိုဒ်-၆၉) (၅-မှတ်)**

**နောက်ဆုံးဂါထာ ဘာသာပြန်** - နှုတ်ဖြင့် မစွပ်စွဲခြင်းသည်လည်းကောင်း, ကိုယ်စိတ်ဖြင့် မညှင်းဆဲ မနှိပ်စက်ခြင်းသည်လည်းကောင်း, ပါတိမောက်သီလ၌ စောင့်စည်းခြင်းသည်လည်းကောင်း, ဆွမ်း၌ ခံယူ သုံးဆောင်ခြင်းအတိုင်းအရှည်ပမာဏကို သိသူ၏အဖြစ်သည်လည်းကောင်း, အစွန်အဖျားကျ၍ ဆိတ်ငြိမ်သော အိပ်ရာနေရာကျောင်း(ကျောင်း၌နေခြင်း)သည်လည်းကောင်း, ဝိပဿနာ၏အခြေခံ ဖြစ် သော လွန်ကဲသောသမာပတ်စိတ် (မဂ်ဖိုလ်စိတ်)၌ လွန်စွာကြိုးကုတ် အားထုတ်ခြင်းသည်လည်းကောင်း ဤ (၆) မျိုးသည် ဘုရားရှင်အဆူဆူတို့၏ အဆုံးအမတော်တည်း။ **(နှာ-၄၂၊ စာပိုဒ်-၉၀) (၃-မှတ်)**

၃။ ဝေဒနာကို စွဲ၍ အဆက်ဆက်ဖြစ်ပေါ်လာသော အကျိုးတရားတို့ကို အကုသိုလ်တိုင်အောင် ဖော်ပြ၍ ဝိညာဏဋ္ဌိတိ (၇) ပါးတို့တွင် (၅)ခုမြောက် ဝိညာဏဋ္ဌိတိကိုလည်း ဖြေဆိုပါ။

၃။ အဖြေ- **ဝေဒနာကို စွဲ၍ဖြစ်သောအကျိုးအဆက်ဆက်** – ဝေဒနာကို စွဲ၍ တဏှာဖြစ်၏၊ တဏှာကို စွဲ၍ ရှာမှီးခြင်းဖြစ်၏၊ ရှာမှီးခြင်းကိုစွဲ၍ ရခြင်းဖြစ်၏၊ ရခြင်းကိုစွဲ၍ ဆုံးဖြတ်ခြင်းဖြစ်၏၊ ဆုံးဖြတ်ခြင်းကိုစွဲ၍ အနည်းငယ်နှစ်သက်ခြင်း အကြီးအကျယ်တပ်မက်ခြင်းသည် ဖြစ်၏၊ အနည်းငယ်နှစ်သက်ခြင်း အကြီးအကျယ် တပ်မက်ခြင်းကို စွဲ၍ ငါ ငါ့ဥစ္စာဟု သက်ဝင်မျိုသိပ် ပြီးဆုံးခြင်းသည် ဖြစ်၏၊ ငါ ငါ့ဥစ္စာ ဟု သက်ဝင်မျိုသိပ် ပြီးဆုံးခြင်းကို စွဲ၍ ပိုင်းခြား၍ယူခြင်း(သိမ်းဆည်းခြင်း)သည် ဖြစ်၏၊ ပိုင်းခြား၍ ယူခြင်းကို စွဲ၍ ဝန်တိုခြင်းသည် ဖြစ်၏၊ ဝန်တိုခြင်းကို စွဲ၍ စောင့်ရှောက်ရခြင်းသည် ဖြစ်၏၊ စောင့်ရှောက်ခြင်းဟူသောအကြောင်းကြောင့် ဒုက်ကိုင်ရခြင်း ဓားစသောလက်နက်ကိုင်ရခြင်း ကိုယ်နှုတ် ဖြင့် ထိပါးကာ ခိုက်ရန်ဖြစ်ခြင်း ဆန့်ကျင်ဘက်ကိုယူခြင်း ဆန့်ကျင်ဘက်ပြောဆိုခြင်း နင်နင်ဟု ပြောဆို ရခြင်း ရန်တိုက်ရခြင်း မုသားပြောဆိုရခြင်းဟူကုန်သော များပြားလှစွာ ယုတ်မာကုန်သော အကုသိုလ် တရားတို့သည် ဖြစ်လာကုန်၏။ **(နှာ-၅၀၊ ပိုဒ်-၁၀၃) (၆-မှတ်)**

**(၅)ခုမြောက် ဝိညာဏဋ္ဌိတိ** – အလုံးစုံသောအခြင်းအရာအားဖြင့် (အလုံးစုံကုန်သော) ရူပသညာတို့ကို လွန်မြောက်ခြင်းကြောင့်လည်းကောင်း ပဋိဃသညာ(ပဉ္စဝတ္ထုနှင့် ပဉ္စာရုံတို့ ထိခိုက်ခြင်းကြောင့်ဖြစ်သော ဒွေပဉ္စဝိညာဏ်သညာ)တို့၏ ချုပ်မှုသို့ရောက်ခြင်းကြောင့်လည်းကောင်း အထူးထူးသောအာရုံ၌ ဖြစ် သော ကာမာဝစရသညာတို့ကို နှလုံးမသွင်းခြင်းကြောင့်လည်းကောင်း “ကောင်းကင်ပညတ်သည် ဥပါဒ် ဋီဘင်ဟူသောအဆုံးအပိုင်းအခြားမရှိ”ဟု ပွားများ၍ အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက်ကုန်သော သတ္တဝါများ။ **(နှာ-၅၉၊ ပိုဒ်-၁၂၇) (၄-မှတ်)**

---

၄။ ဝဇ္ဇီတို့ မဆုတ်ယုတ်ကြောင်းတရားတို့တွင် (၆)ခုမြောက်, (၇) ခုမြောက်တရားများနှင့် ရဟန်းတို့၏ မဆုတ်ယုတ်ကြောင်း (၆) ပါးတို့တွင် (၄)ခုမြောက် တရား, သီလရှိသူ၏အကျိုးအာနိသင်တို့တွင် (၃)ခု မြောက် အာနိသင်တို့ကို အသီးအသီး ဖြေဆိုပါ။

၄။ အဖြေ- **(၆) ခုမြောက်တရား** – မြို့တွင်း၌ တည်သည်လည်းဖြစ်ကုန် မြို့ပြင်၌တည်သည်လည်းဖြစ်ကုန်သော ဝဇ္ဇီတို့၏ စေတီ(နတ်ကွန်း နတ်နန်း နတ်စင် နတ်ရဲသစ်ပင်)တို့ကို ကောင်းစွာပြုကုန်, လေးစားမှုကို ပြုကုန်, မြတ်နိုးကုန် ပူဇော်ကုန်ခြင်း၊ ထိုစေတီတို့အား ရှေးအစဉ်အလာပေးအပ်,ပြုအပ်သော တရားနှင့်လျော်သောပူဇော်ပသမှုကို မယုတ်လျော့စေခြင်း။ **(၂-မှတ်)**

**(၇) ခုမြောက်တရား** – “အဘယ်သို့လျှင် မရောက်လာသေးသော ရဟန္တာတို့သည် နိုင်ငံတွင်းသို့ ရောက်လာကုန်အံ့နည်း၊ ရောက်လာပြီးကုန်သော ရဟန္တာရဟန္တာတို့သည် နိုင်ငံတွင်း၌ ချမ်းသာစွာ နေနိုင် ကုန်အံ့နည်း”ဟု စဉ်းစား၍ ရဟန္တာတို့အပေါ်၌ တရားနှင့်ယှဉ်သော မလိုလားအပ်သောဘေးရန် မရောက် လာအောင် စောင့်ရှောက်တားမြစ်ခြင်း, အလိုရှိအပ်သော အကျိုးမပျက်အောင် လုံခြုံစေခြင်းကို ကောင်းစွာစီမံထားခြင်း ဖြစ်သည်။ **(နှာ-၆၃၊ ပိုဒ်-၁၃၄) (၂-မှတ်)**

**ရဟန်းတို့ မဆုတ်ယုတ်ကြောင်း (၆)ပါးတွင် (၄)ခုမြောက်တရား** – တရားသဖြင့် ဖြစ်ပေါ် လာကုန်သော တရားသဖြင့်ရအပ်ကုန်သော အောက်ထစ်ဆုံးအားဖြင့် သပိတ်၌အကျုံးဝင်သော ဆွမ်းမျှ ဖြစ်သော အကြင်လာဘ်တို့သည် ရှိကုန်၏၊ ထိုသို့သဘောရှိကုန်သော လာဘ်တို့ဖြင့် မခွဲခြားဘဲ သုံးဆောင်ခြင်းရှိသည် သီလရှိကုန်သော သီတင်းသုံးဖော်တို့နှင့် အတူဆက်ဆံသောသုံးစွဲခြင်းရှိသည် ဖြစ်ခြင်း။ **(နှာ-၆၈၊ ပိုဒ်-၁၄၁) (၃-မှတ်)**

**သီလရှိသူ၏အကျိုးအာနိသင်တို့တွင် (၃)ခု မြောက် အာနိသင်** – သီလရှိသူ သီလနှင့်ပြည့်စုံသူသည် မင်းပရိသတ်သို့လည်းကောင်း ပုဏ္ဏားပရိသတ်သို့လည်းကောင်း အိမ့်ရှင်သူကြွယ်ပရိသတ်သို့လည်း ကောင်း ရဟန်းပရိသတ်သို့လည်းကောင်း အကြင်အကြင် ပရိသတ်သို့ ချဉ်းကပ်ဝင်ရောက်၏၊ ထိုထို ပရိတ်သတ်အားလုံးသို့ ကင်းသောကြောက်ရွံ့ခြင်းရှိသည် မျက်နှာမသာယာသူမဟုတ်သည်ဖြစ်၍ ချဉ်းကပ်ဝင်ရောက်ဝံ့ခြင်း။

**(နှာ-၇၃၊ ပိုဒ်-၁၅၀) (၃-မှတ်)**

၅။ ကုသဝတီမင်းနေပြည်၌ နေ့ည မစဲ ဆူညံမြဲဖြစ်သော အသံ(၁၀)ပါးတို့ကို ဖြေဆို၍ မဟာသုဒဿန မင်းကြီး ပိုင်ဆိုင်သည့် ဣတ္ထိရတနာ၏ အဆင်းရူပ လှပပုံကိုသာ ဖော်ပြကာ ထိုမင်းကြီးသည် မဟာဝိယူဟပြသာဒ်တက် ခါနီး တံခါးဝ၌ရပ်ကာ ကျူးရင့်သောဥဒါန်းကိုလည်း ရေးသားခဲ့ပါ။

၅။ အဖြေ- **အသံ (၁၀) ပါး** – ဆင်သံ, မြင်းသံ, ရထားသံ, စည်သံ, မရိုးစည်သံ, စောင်းသံ, သီချင်းသံ, ခရုသင်းသံ, မောင်း( ကြေးနောင်)သံ, ထက်စည်(အိုးစည်)သံ, "စားလှည့်ကြပါ, သောက်လှည့်ကြပါ, ခဲလှည့်ကြ ပါ"ဟူသော အသံ။

**(နှာ-၁၃၉၊ ပိုဒ်-၂၄၂) (၃-မှတ်)**

**ဣတ္ထိရတနာ အဆင်းလှပပုံ** –

လွန်ကဲသောပုံသဏ္ဌာန်(အလွန်လှပသောကိုယ်ခန္ဓာ)ရှိခြင်း, ကြည့်ရှု စဖွယ်တင့်တယ်ခြင်း, မြင်ရ သူတို့ ၏စိတ်ကို ကြည်လင်ရွှင်ပြစေနိုင်ခြင်း, လွန်မြတ်သောအဆင်း၏ ကောင်းသည်၏အဖြစ်နှင့် ပြည့်စုံ ခြင်း, မမြင့် လွန်း မနိမ့်လွန်းခြင်း, မပိန်လွန်း မဝလွန်းခြင်း, မမည်းလွန်း မဖြူလွန်းခြင်း, လူ့အဆင်းကို ကျော်လွန်ခြင်း, နတ် အဆင်းသို့ မရောက်တတ်ခြင်း၊ **(နှာ-၁၄၃၊ ပိုဒ်-၂၄၉) (၄-မှတ်)**

**ကျူးရင့်သော ဥဒါန်း** – ဟဲ့ ကာမဝိတက် (ကာဂုဏ်ကိုကြံစီတတ်သော ဟဲ့-ဝိတက်) နေရစ်တော့၊ ဟဲ့ ဗျာပါဒ ဝိတက် (သူတပါးပျက်စီးခြင်းကိုကြံစီတတ်သော ဟဲ့-ဝိတက်) နေရစ်တော့၊ ဟဲ့ ဝိဟိံသာဝိတက် (သူတပါးကို ညှင်းဆဲဖို့ရန်ကြံစီတတ်သော ဟဲ့-ဝိတက်) နေရစ်တော့၊ ဟဲ့ ကာမဝိတက် ဤမျှအတိုင်း ရှည်ရှိသောတံခါးအရပ် ဖြင့် ပြန်ဆုတ်နစ်တော့၊ ဗျာပါဒဝိတက် ဤမျှအတိုင်းရှည်ရှိသောတံခါးအရပ်ဖြင့် ပြန်ဆုတ်နစ်တော့၊ ဟဲ့ ဝိဟိံသာ ဝိတက် ဤမျှအတိုင်းရှည်ရှိသောတံခါးအရပ်ဖြင့် ပြန်ဆုတ်နစ်တော့။ **(နှာ-၁၅၂၊ ပိုဒ်-၂၆၀) (၃-မှတ်)**

---

၆။ သနင်္ကုမာရဗြဟ္မာ၏ ပလ္လင်ရွေးချယ်မှုကို ခံရသော ပလ္လင်ပိုင်ရှင်နတ်သည် အဘယ်သို့ ခံစားရသည်ကို ဥပမာနှင့် တကွ ဖြေဆို၍ သမာဓိပရိက္ခာရတရား (၇)ပါးတို့ကို ဖော်ပြကာ ဂေါဝိန္ဒပုဏ္ဏား၏ သားတော် အမည်, အရှင်သခင် ဘုရင်မင်းအမည်, ထိုမင်း၏ သားတော်အမည်တို့ကိုလည်း မှန်ကန်စွာ ဖြေဆိုပါ။

၆။ အဖြေ- **ပလ္လင်ပိုင်ရှင်နတ်၏ ခံစားရပုံ** –

ထိုပလ္လင်အရှင်နတ်သားသည် မြတ်သောနှစ်သက်ခြင်းကို ရခြင်းကို ရ၏၊ မြတ်သော ဝမ်းမြောက်မှုကို ရခြင်းကို ရ၏၊ ဥပမာ-မင်းမျိုးမင်းနွယ်ဖြစ်သော ဦးထိပ်၌အဘိသိတ်ရေစင်ဖြင့် သွန်းလောင်းအပ်သော မင်းအဖြစ်ဖြင့် အခုမှ အဘိသိက်ရေစင်ဖြင့်သွန်းလောင်းအပ်သော မင်းသည် မြတ်သောနှစ်သက်ခြင်းကို ရခြင်းကို ရသကဲ့သို့, မြတ်သော ဝမ်းမြောက်မှုကို ရခြင်းကို ရသကဲ့သို့တည်း။ **(၄-မှတ်) (နှာ-၁၇၀၊ ပိုဒ်-၂၈၄)**

**သမာဓိပရိက္ခာရတရား (၇)ပါး** – သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ။ **(နှာ-၁၇၅၊ ပိုဒ်-၂၉၀) (၃-မှတ်)**

**ဂေါဝိန္ဒပုဏ္ဏား၏ သားတော်အမည်** – ဇောတိပါလ လုလင်၊

**အရှင်သခင် ဘုရင်မင်းအမည်** – ဒိသမ္ပတိ မင်း၊

**ထိုမင်း၏ သားတော်အမည်** – ရေဏုမင်းသား၊ **(နှာ-၁၈၆၊ပိုဒ်-၃၀၄) (၃-မှတ်)**

---

၇။ မဟောဂေါဝိန္ဒပုဏ္ဏားကြီး ခုနစ်ဖို့ ခုနစ်ပုံ ခွဲဝေပေးခဲ့သော ပထဝီမြေအနေအထားကို ဖြေဆို၍ အဘယ် သူသည် ဖြဟ္မာနှင့် တွေ့ဆုံခွင့် ဆွေးနွေးပြောဆိုခွင့်ရနိုင်သည်ကို ရှေးပုဏ္ဏားဆရာကြီးတို့ အယူအဆ အတိုင်း ဖော်ပြပြီး သေခြင်းမရှိရာ ဗြဟ္မာပြည်သို့ ရောက်ကြောင်းကျင့်စဉ်ကိုလည်း ဗြဟ္မာကြီး၏ အဖြေအတိုင်း ဖြေဆိုပါ။

၇။ အဖြေ- **မဟောဂေါဝိန္ဒပုဏ္ဏားကြီး ခုနစ်ဖို့ခုနစ်ပုံ ခွဲဝေပေးခဲ့သော ပထဝီမြေအနေအထား** - မြောက်အရပ်အားဖြင့် အလျားရှည်ပြီး တောင်အရပ်အားဖြင့် လှည်းဦးဝိုးနှင့်တူသော မြေဖြစ်သည်။ **(နှာ-၁၈၉၊ ပိုဒ်-၃၀၈) (၃-မှတ်)**

**အဘယ်သူသည် ဗြဟ္မာနှင့် တွေ့ဆုံခွင့် ဆွေးနွေးပြောဆိုခွင့်ရနိုင်သည်ကို ရှေးပုဏ္ဏားဆရာကြီးတို့ အယူအဆ အတိုင်း ဖော်ပြပုံ** - အကြင်သူသည် မိုးဥတု၌ဖြစ်သော လေးလတို့ပတ်လုံး အာရုံများစွာ စိတ်ကို ခွါ၍ သင့်ရာ ကောင်းမြတ် တစ်ခုတည်းသောအာရုံသာ ငြိကပ်နေ၏၊ ကရုဏာဈာန်ကို ရှု၏၊ ထိုသူသည် ဗြဟ္မာကို တွေ့မြင်ရ၏၊ ဗြဟ္မာနှင့် အတူဆွေးနွေးရ၏၊ အတူပြောဆိုတိုင်ပင်ရ၏။ **(နှာ-၁၉၁၊ ပိုဒ်-၃၁၂) (၃-မှတ်)**

**သေခြင်းမရှိရာ ဗြဟ္မာပြည်သို့ ရောက်ကြောင်းကျင့်စဉ်ကိုလည်း ဗြဟ္မာကြီး၏ အဖြေအတိုင်း ဖြေဆို** -

အကြင်သူသည် လူတို့တွင် ငါ့ဥစ္စာအဖြစ်ကို (ငါ့ဥစ္စာဟု ပြုတတ်သောတဏှာကို) ပယ်စွန့်၍ တယောက် တည်း ဖြစ်၍ဖြစ်လျက် ကရုဏာဈာန်၌ စွဲစွဲမြဲမြဲသက်ဝင်၏၊ ကောဇစသား ကိလေသာတည်းဟူသော စိမ်းညှီသောအနံ့မရှိ၊ မေထုန်မှ ရှောင်ကြဉ်(ကင်းစင်)၏၊ ဤသို့သောတရား၌ တည်သော, ဤအကျင့်၌ ကျင့်သော ထိုသူသည် သေခြင်းကင်းရာ ဗြဟ္မာ့ပြည်သို့ ရောက်၏။ **(နှာ-၁၉၄၊ ပိုဒ်-၃၁၉) (၄-မှတ်)**

---

၈။ ကပိလဝတ်မြို့နှင့် သာတာဂိရတောင်တို့ကို မှီခိုနေသော ဘုမ္မစိုးနတ်အရေအတွက်တို့ကို မှန်ကန်စွာ ဖော်ပြ၍ လူနတ်စသား သတ္တာအများတို့ ရန်ဒဏ်ကင်းကွာ ချမ်းသာစွာနေလိုပါလျက် မနေကြရခြင်း၏ အကြောင်းရင်း, ဣဿာမစ္ဆရိယ၏ အကြောင်းရင်း, ဆန္ဒ၏ အကြောင်းရင်းတို့ကိုလည်း ဖြေဆိုပါ။

၈။အဖြေ-

**ကပိလဝတ်မြို့ကို မှီနေသောဘုမ္မစိုးအရေအတွက်** - (၇) ထောင်၊

**သာတာဂိရတောင်ကို မှီခိုနေသော ဘုမ္မစိုးနတ်အရေအတွက်** -(၃) ထောင်၊ **(နှာ-၂၀၅၊ ပိုဒ်-၃၃၅)**

**လူနတ်စသားသတ္တာအများတို့ ရန်ဒဏ်ကင်းကွာ ချမ်းသာစွာနေလိုလျက် မနေကြရခြင်း၏အကြောင်း** - ဣဿာမစ္ဆရိယဟူသော အနှောင့်အဖွဲ့ရှိနေကြခြင်းကြောင့် မနေကြရခြင်းဖြစ်သည်။ **(နှာ-၂၂၀၊ ပိုဒ်-၃၅၇)**

**ဣဿာမစ္ဆရိယ၏အကြောင်းရင်း** - ဣဿာမစ္ဆရိယသည် ချစ်အပ်နှစ်သက်အပ်သောသတ္တဝါ သင်္ခါရ, မချစ်အပ် မနှစ်သက်အပ်သော သတ္တဝါသင်္ခါရဟူသော အကြောင်းရှိပါသည်။ **(နှာ-၂၂၀၊ ပိုဒ်-၃၅၈)**

**ဆန္ဒ၏ အကြောင်းရင်း** - ဆန္ဒသည် ဆုံးဖြတ်ကြောင်းဝိတက်ဟူသော အကြောင်းရှိပါသည်။
**(နှာ-၂၂၁၊ ပိုဒ်-၃၅၈) (၂-မှတ်စီ)**

---

၉။ စိတ္တာနုပဿနာ ရှုပွါးရမည့် စိတ်အမျိုးအစားတို့ကို ဖော်ပြ၍ အဘယ်အရာတို့ကို သမ္မာဝါစာ, သမ္မာ ကမ္မန္တ ခေါ် ဆိုသည်ကိုလည်း ဖြေဆိုပါ။

၉။ အဖြေ–

**စိတ္တာနုပဿနာ ရှုပွါးရမည့် စိတ်အမျိုးအစားများ –**

ရာဂနှင့်တကွဖြစ်သောစိတ်, ရာဂကင်းသောစိတ်၊ ဒေါသနှင့်တကွဖြစ်သောစိတ်, ဒေါသကင်းသောစိတ်၊ မောဟနှင့်တကွဖြစ်သောစိတ်, မောဟကင်းသော စိတ်၊ ထိနမိဒ္ဓကြောင့် ကျုံ့နေသော(တွန့်ဆုတ်နေသော) စိတ် , ပျံ့လွင့်နေသော စိတ်၊ ကာမာဝစရထက် မြတ်သည်၏အဖြစ်သို့ရောက်သော မဟဂ္ဂုတ်စိတ်, မဟဂ္ဂုတ်မဟုတ်သော စိတ်၊ မိမိထက် လွန်မြတ်သောတရားနှင့် တကွဖြစ်သော စိတ်, မိမိထက် လွန်မြတ် သောတရား မရှိသော စိတ်၊ အာရုံ၌ ကောင်းစွာထားအပ်သောစိတ်, အာရုံ၌ ကောင်းစွာမထားအပ် သောစိတ်၊ တဒင်္ဂဝိမုတ္တိစသည်တို့ဖြင့် ကိလေသာတို့မှ လွတ်သောစိတ်, တဒင်္ဂဝိမုတ္တိစသည်တို့ဖြင့် ကိလေသာတို့မှ မလွတ်သေးသောစိတ်။

**(နှာ–၂၃၇၊ ပိုဒ်–၃၈၁) (၆–မှတ်)**

**အဘယ်အရာတို့ကို သမ္မာဝါစာ, သမ္မာ ကမ္မန္တ ခေါ်ဆိုသည်ကိုလည်း ဖြေဆိုပုံ –**

လိမ်ညာပြောဆိုမှုမုသာဝါဒမှ ရှောင်ကြဉ်ခြင်း, ကုန်းတိုက်ကြောင်းစကားမှ ရှောင်ကြဉ်ခြင်း, ကြမ်းတမ်းသောစကားမှ ရှောင်ကြဉ်ခြင်း, စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သောစကားမှ ရှောင်ကြဉ်ခြင်းကို သမ္မာဝါစာဟု ခေါ်ဆိုသည်။ **(၂–မှတ်)**

သူ့အသက်သတ်မှုမှ ရှောင်ကြဉ်ခြင်း, သူ့ဥစ္စာ ခိုးယူခြင်းမှ ရှောင်ကြဉ်ခြင်း, ကာမဂုဏ်တို့၌ မှားမှား ယွင်းယွင်းပြုကျင့်ခြင်းမှ ရှောင်ကြဉ်ခြင်းတို့ကို သမ္မာကမ္မန္တဟု ခေါ်ဆိုသည်။ **(နှာ–၂၅၀၊ ပိုဒ်–၄၀၂) (၂–မှတ်)**

---

၁၀။ ရှောင်ကြဉ်ဖွယ်/လိုက်နာဖွယ်ကောင်းလှသည့် အရှင်ကုမာရကဿပ ညွှန်ပြခဲ့သော အကျိုးမများသည့် ယဇ်ပူဇော်ခြင်းနှင့် အရှင်ဂဝမ္ပတိ မိန့်ကြားခဲ့သော အလှူပေးနည်း (၄)နည်းတို့ကို ဖြေဆိုပါ။

၁၀။ အဖြေ–

**အရှင်ကုမာရကဿပ ညွှန်ပြခဲ့သော အကျိုးမများသည့် ယဇ်ပူဇော်ခြင်း –**

အကြင်သို့သဘောရှိသော ယဇ်၌ နွားတို့ကိုလည်း သတ်အပ်ကုန်၏၊ ဆိတ်သိုးတို့ကိုလည်း သတ်အပ်ကုန်၏၊ကြက်ဝက်တို့ကိုလည်း သတ်အပ်ကုန်၏၊ အထူးထူးအပြားပြားသော အခြားသတ္တဝါ တို့သည်လည်း သတ်အပ်သည်၏အဖြစ်သို့ ရောက်ကုန်၏၊ အလှူခံပုဂ္ဂိုလ်တို့သည်လည်း မှားသော အယူရှိကုန်သည် မှားသောအကြံအစီ ရှိကုန်သည် မှားသောစကားရှိကုန်သည် မှားသောလုပ်ငန်း ရှိကုန်သည် မှားသောအသက်မွေးခြင်းရှိကုန်သည် မှားသောအားထုတ်ခြင်းရှိကုန်သည် မှားသောသတိ ရှိကုန်သည် မှားသောသမာဓိရှိကုန်သည် ဖြစ်ကုန်၏၊ ထိုသို့သဘောရှိသော ယဇ်သည် အကျိုးအာနိသင် မများပါ။ **(နှာ–၂၇၉၊ ပိုဒ်–၄၃၈) (၆–မှတ်)**

**အရှင်ဂဝမ္ပတိ မိန့်ကြားခဲ့သော အလှူပေးနည်း (၄)နည်း –**

ရိုရိုသေသေ လှူခြင်း, ကိုယ်တိုင် မိမိလက်ဖြင့် လှူခြင်း, (အလှူခံပုဂ္ဂိုလ်နှင့် လှူဖွယ်ဝတ္ထုကို) စိတ်ဖြင့် အလေးအမြတ်ပြုကာ လှူခြင်း, စွန့်ပစ်အပ်သကဲ့သို့ မဟုတ်ဘဲ လှူခြင်း။ **(နှာ–၂၈၂၊ ပိုဒ်–၄၄၁) (၄–မှတ်)**

---

**မဟာဝဂ္ဂပါဠိတော်မြန်မာပြန် အဖြေများ**

**ပြီးပြီ။**



The Book Bazaar

အသက် ၂၉ နှစ်မှာ တောခိုတယ်။
အိန္ဒိယတိုက်ကြီး ကို
အတ္တဝါဒကနေ အနတ္တဝါဒ အထိ
တော်လှန်ပစ်တယ်။
ဝါဆိုလပြည့်နေ့မှာ
ကြေညာချက် ထုတ်ခဲ့တယ်။

■ ကြည်ဇော်အေး